စိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

# ဆရာအို၏
# ဘဝနေဝင်ချိန်သင်တန်း

# TUESDAYS WITH MORRIE

## Mitch Albom

အဘိုးအိုတစ်ယောက်၊ လူငယ်တစ်ယောက်နှင့်
ဘဝ၏ အကြီးမြတ်ဆုံး သင်ခန်းစာ

mgyoe.com

ဘဝရှင်သန် နေထိုင်မှုများစွာကို
ပြောင်းလဲစေနိုင်ခဲ့သော
ကမ္ဘာတစ်ဝှမ်း ရောင်းအကောင်းဆုံး
စာရင်းဝင်စာအုပ်။

# မြတ်ငြိမ်း

## ဆရာအိုဇ၏
## ဘဝနေဝင်ချိန်သင်တန်း

## TUESDAYS WITH MORRIE
Mitch Albom

အဘိုးအိုတစ်ယောက်၊ လူရွယ်တစ်ယောက်နှင့်
ဘဝ၏ အကြီးမြတ်ဆုံး သင်ခန်းစာ



MN0031
3,000.00 KS

mgyoe.com

mgyoe.com

ဆရာအိုး၏ ဘဝနေဝင်ချိန်သင်တန်း မြတ်ငြိမ်း
မျက်နှာဖုံးသရုပ်ဖော် - တော်တီဆွေ
စာမျက်နှာ ၂၆၃ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၆ လေယျာမိုးစာအုပ်တိုက်၏ တတိယအကြိမ်မှ

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


- သင်ရိုးညွှန်းတမ်း ၁
- သင်ရိုးမာတိကာ ၆
- ကျောင်းသား ၂၀
- ရုပ်မြင်သံကြား ၂၇
- နေရာမှန်ကို ရှာဖွေခြင်း ၃၇
- စာသင်ခန်း ၄၅
- ကျောင်းတက်ချိန် စာရင်းကောက်ခြင်း ၅၇
- အဦးဆုံးအင်္ဂါနေ့ ကမ္ဘာကြီးအကြောင်းဆွေးနွေးခြင်း ၆၇
- နှစ်ရက်မြောက်အင်္ဂါနေ့ ကိုယ့်ကိုယ်ကိုယ် သနားခြင်းအကြောင်း ဆွေးနွေးခြင်း ၇၇
- သုံးရက်မြောက် အင်္ဂါနေ့ နောင်တအကြောင်း ဆွေးနွေးခြင်း ၈၆
- ရုပ်မြင်သံကြား၊ အပိုင်းနှစ် ၉၆
- ပါမောက္ခ ၁၀၁
- လေးရက်မြောက် အင်္ဂါနေ့ သေခြင်းတရားအကြောင်း ဆွေးနွေးခြင်း ၁၁၀
- ငါးရက်မြောက် အင်္ဂါနေ့ မိသားစုအကြောင်း ဆွေးနွေးခြင်း ၁၂၃


mgyoe.com

mgyoe.com


- ခြောက်ရက်မြောက် အင်္ဂါနေ့ ၁၃၇
စိတ်လှုပ်ရှားမှုများအကြောင်း ဆွေးနွေးခြင်း
- ပါမောက္ခ၊ အပိုင်းနှစ် ၁၄၉
- ခုနစ်ရက်မြောက် အင်္ဂါနေ့ ၁၅၈
အိုမင်းရင့်ရော်မှုကို ကြောက်ခြင်းအကြောင်းဆွေးနွေးခြင်း
- ရှစ်ရက်မြောက် အင်္ဂါနေ့ ၁၆၈
ပိုက်ဆံအကြောင်း ဆွေးနွေးခြင်း
- ကိုးရက်မြောက် အင်္ဂါနေ့ ၁၇၈
မေတ္တာတရား ဘယ်လိုရှင်သန်သလဲ
ဆိုသည့်အကြောင်း ဆွေးနွေးခြင်း
- ဆယ်ရက်မြောက် အင်္ဂါနေ့ ၁၉၅
အိမ်ထောင်ပြုခြင်းအကြောင်း ဆွေးနွေးခြင်း
- ဆယ့်တစ်ရက်မြောက် အင်္ဂါနေ့ ၂၀၈
ကျွန်တော်တို့၏ ယဉ်ကျေးမှုအကြောင်း ဆွေးနွေးခြင်း
- ရုပ်မြင်သံကြား၊ အပိုင်းသုံး ၂၁၉
- ဆယ့်နှစ်ရက်မြောက် အင်္ဂါနေ့ ၂၂၅
ခွင့်လွှတ်ခြင်းအကြောင်း ဆွေးနွေးခြင်း
- ဆယ့်သုံးရက်မြောက် အင်္ဂါနေ့ ၂၃၄
ပြီးပြည့်စုံသောနေ့အကြောင်း ဆွေးနွေးခြင်း
- ဆယ့်လေးရက်မြောက် အင်္ဂါနေ့ ၂၄၇
ခွဲခွာ နှုတ်ဆက်စကားပြောခြင်း
- သင်တန်းပြီးဆုံးခြင်း ၂၅၅
- နိဂုံး ၂၅၉




mgyoe.com

mgyoe.com

# သင်ရိုးညွှန်းတမ်း

ကျွန်တော့်ဆရာ ပါမောက္ခအိုကြီး၏ ဘ၀နေဝင်ချိန် သင်တန်းကို သူ့အိမ်မှာပင် တစ်ပတ်တစ်ကြိမ် ပြုလုပ်ခဲ့၏။ သင်တန်းကို သူ့စာကြည့်ခန်း၏ ပြတင်းပေါက်အနီးမှာ ပို့ချခဲ့သည်။ သည်နေရာကား ခေါင်ရန်းပင်ကလေးတစ်ပင်က ပန်းရောင်အရွက်တွေ တဖွဖွ ခြွေချနေသည်ကို သူ လှမ်းကြည့်လိုက်လျှင် မြင်တွေ့နိုင်သည့် နေရာဖြစ်ပါသည်။ သင်တန်းကို အင်္ဂါနေ့တွေမှာ ပြုလုပ်သည်။ နံနက်စောစော စားပြီးချိန်တွင် သင်တန်းစသည်။ ပို့ချသည့်ဘာသာရပ်က 'ဘ၀အဓိပ္ပာယ်'။ သည်သင်ခန်းစာကို အတွေ့အကြုံများမှ ထုတ်နုတ် သင်ကြားပို့ချသည်။

သည်သင်တန်းတွင် အောင်မှတ်တွေ မပေး။ အဆင့်တွေ မသတ်မှတ်။ သို့ပေမဲ့ တစ်ပတ်တစ်ကြိမ် နှုတ်ဖြေစာမေးပွဲတွေတော့ ရှိသည်။ မေးလာသည့် မေးခွန်းများကို သင်က ဖြေရမည်။ ပြီးတော့ သင့်အတွေးထဲမှာရှိသည့် မေးခွန်းတွေကို သင်က မေးရမည်။ ထို့ပြင် သင့်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတွေကိုလည်း မကြာမကြာ ပြုလုပ်ရမည်။ ဥပမာ ခေါင်းအုံးပေါ်မှာ မှီထားသည့် ပါမောက္ခကြီး၏ ဦးခေါင်းကို

mgyoe.com

mgyoe.com



သက်သောင့်သက်သာ အနေအထားသို့ ပြန်ရောက်အောင် အသာအယာ မ ရွှေ့ပေးခြင်းမျိုး။ သို့မဟုတ် သူ့မျက်မှန်ကို သူ့နှာတံပေါ်တွင် နေသား တကျဖြစ်အောင် တင်ပေးခြင်းမျိုး။ သူ့အား အနမ်းဖြင့် နှုတ်ဆက် ခွဲခွာခြင်းဖြင့် သင်သည် ချီးကျူးထောမနာပြုမှုတွေ အများကြီး ရနိုင် သည်။

သည်သင်တန်းတွင် စာအုပ်စာတမ်းတွေ မလို။ သို့တိုင် အကြောင်း အရာ အတော်များများကို ဆွေးနွေးဖြစ်ကြသည်။ ထိုအကြောင်းအရာ တွေထဲတွင် မေတ္တာတရား၊ အလုပ်အကိုင်၊ လူ့အသိုက်အဝန်း၊ မိသားစု၊ ဇရာ၊ ခွင့်လွှတ်ခြင်းနှင့် နောက်ဆုံး သေခြင်းတရားအကြောင်းတို့ ပါဝင် သည်။ နောက်ဆုံးပို့ချချက်ကတော့ တိုတိုတုတ်တုတ်ပင်။ စကားလုံး အနည်းငယ်သာ ပြောဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအစား ဈာပနအခမ်းအနားတစ်ခု ကျင်းပသည်။

အရည်အချင်းစစ် စာမေးပွဲကြီး မကျင်းပသော်လည်း သင် သင်ယူလေ့လာခဲ့သည့် ဘာသာရပ်များအကြောင်း စာတမ်းရှည်ကြီး တစ်စောင် ပြုစုရမည်ဖြစ်၏။ ၎င်းစာတမ်းကို ယခု တင်ပြလိုက်ပါသည်။

ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးက ဘဝနေဝင်ချိန်သင်တန်းတွင် သင်တန်းသား တစ်ယောက်တည်းသာ ရှိပါသည်။

၎င်းသင်တန်းသားမှာ ကျွန်တော် ဖြစ်ပါသည်။

□

mgyoe.com

mgyoe.com

အချိန်ကာလက ၁၉၇၉ ခုနှစ်။ နွေဦးရာသီကုန်ခါနီး ပူလောင်အိုက်စပ်တဲ့ စနေ မွန်းလွဲပိုင်း တစ်ခုပေါ့။ တက္ကသိုလ်ပရိဝုဏ်ရဲ့ ပင်မ မြက်ခင်းပြင် ပေါ်မှာ သစ်သားခေါက်ကုလားထိုင်တွေ အတန်းလိုက် စီခင်းထားတယ်။ ရာပေါင်းများစွာရှိတဲ့ ကျွန်တော်တို့တစ်တွေဟာ အဲဒီကုလားထိုင်တွေ ပေါ်မှာ ဘေးချင်းယှဉ်ပြီး ထိုင်နေကြတယ်။ ကျွန်တော်တို့ အပြာရောင် နိုင်လွန်ဝတ်ရုံတွေ ဆင်မြန်းထားတယ်။ ကျွန်တော်တို့ ရှည်လျားလှတဲ့ မိန့်ခွန်းတွေကို တလူးလူး တလွန့်လွန့်နဲ့ နားထောင်ကြတယ်။ အခမ်း အနားလည်း ပြီးဆုံးသွားရော ကျွန်တော်တို့ရဲ့ ကက်ဦးထုပ်တွေကို လေထဲ မြှောက်လွှတ်ကြတယ်။ ကျွန်တော်တို့တစ်တွေကို မက်ဆာချူးဆက် ပြည်နယ်၊ ဝေါလ်သမ်မြို့တော်မှာရှိတဲ့ 'ဘရန်းဒိုးစ်တက္ကသိုလ်' က ဘွဲ့တစ်ခု တရားဝင် အပ်နှင်းလိုက်ပြီလေ။ ကျွန်တော်တို့ အတော်များများ အတွက်တော့ ကလေးဘဝကို ခုကလေးပဲ ပြည်ဖုံးကား ချလိုက်ကြရ ပြီပေါ့။

နောက်ပိုင်းမှာတော့ ကျွန်တော် မော်ရီရှွာ့ဇ်ကို တွေ့ရတယ်။ သူက ကျွန်တော်ရဲ့ အချစ်ဆုံးပါမောက္ခကြီးလေ။ ကျွန်တော်က သူ့ကို ကျွန်တော့်မိဘတွေနဲ့ မိတ်ဆက်ပေးတယ်။ သူက လူကောင် သေးသေး

mgyoe.com

mgyoe.com


ညှက်ညှက်ကလေးရယ်။ လေပြင်းတစ်ချက် ဝှေ့လိုက်ရင် တိမ်တိုက်တွေထဲကို အချိန်မရွေး လွင့်ပါသွားမှာကို စိုးရိမ်တဲ့အလား သူက ခြေလှမ်းတွေကို စိပ်စိပ်ကလေးပဲ လှမ်းလေ့ရှိသူပေါ့။ ဘွဲ့နှင်းသဘင်ဝတ်ရုံကြီး ဆင်မြန်းထားတဲ့ သူ့ကို ကြည့်ရတာ သမ္မာကျမ်းစာထဲက တမန်တော်ကြီးနဲ့ ခရစ္စမတ်ပွဲတော်က နတ်သူငယ်ကလေးတစ်ပါး ပေါင်းစပ်ထားတာနဲ့ တူနေတယ်။ သူ့မှာ အရောင်တဖျပ်ဖျပ် တောက်နေတဲ့ စိမ်းပြာရောင် မျက်လုံးတွေ ရှိတယ်။ ခပ်ပါးပါးသာ ရှိတော့တဲ့ ငွေရောင်ဆံပင်တွေက နဖူးပေါ်ကို ဖွာရရာကျလို့။ နားရွက်တွေကတော့ အကြီးကြီးတွေ။ နှာခေါင်းက သုံးထောင့်ပုံစံ။ ထူထဲသိပ်သည်းတဲ့ မျက်ခုံးမွေးတွေက ဖြူဖွေးနေတယ်။

သူ့သွားတွေက ညီညီညာညာ မရှိဘူး။ တစ်စုံတစ်ယောက်က ပက်သီးနဲ့ ပိတ်ထိုးတာ ခံထားရသလို သူ့အောက်သွားတွေက အတွင်းဘက်ကို ယိုင်နေတယ်။ ဒါပေမဲ့ သူ ပြုံးလိုက်တဲ့အခါ သူ့အပြုံးဟာ လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှတယ်။ ကမ္ဘာပေါ်မှာ ပထမဦးဆုံးကြားရတဲ့ ပြက်လုံးတစ်ခုကို ခင်ဗျားက သူ့ကို ပြောပြတဲ့အခါ ပြုံးတဲ့ အပြုံးမျိုးလေ။

သူ သင်ကြားပို့ချခဲ့တဲ့ သင်တန်းတိုင်းကို ကျွန်တော် ဘယ်လိုဘယ်ပုံ တက်ခဲ့တယ်ဆိုတာ သူက ကျွန်တော့်မိဘတွေကို ပြောပြတယ်။ "ခင်ဗျားတို့ရဲ့ ဟောဒီသားကလေးက လူတော်လူကောင်းကလေးဗျ" လို့ သူက ဖေဖေနဲ့ မေမေကို ပြောတယ်။ ရှက်ကိုးရှက်ကန်း ဖြစ်သွားတဲ့ ကျွန်တော်က ကိုယ့်ခြေထောက်ကိုယ် ငုံ့ကြည့်နေလိုက်တာပေါ့။ ကျွန်တော်တို့ ဘွဲ့နှင်းသဘင် အခမ်းအနားက မထွက်ခွာခင် ကျွန်တော်က ကျွန်တော့်ပါမောက္ခကြီးကို လက်ဆောင်တစ်ခု ပေးတယ်။ ရှေ့ဘက်မှာ သူ့နာမည်အတိုကောက် စာလုံးတွေ ရေးထိုးထားတဲ့ လက်ဆွဲသားရေအိတ်ပြာတစ်လုံး။ မနေ့ကပဲ ကုန်ပဒေသာဆိုင်တစ်ဆိုင်က ကျွန်တော်

mgyoe.com

mgyoe.com


ဝယ်လာခဲ့တာ။ ကျွန်တော် သူ့ကို မေ့မသွားချင်ဘူးလေ။ ကျွန်တော့်ကို သူ မေ့မသွားစေချင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

"မစ်ချ်၊ မင်းဟာ တပည့်လိမ္မာတွေထဲမှာ တစ်ယောက် အပါအဝင် ပဲကွ"

သူက လက်ဆွဲအိတ်ပြားကလေးကို မက်မက်မောမော ကြည့်ရင်း ပြောတယ်။ ပြီးတော့ ကျွန်တော့်ကို ပွေ့ဖက်လိုက်တယ်။ ကျွန်တော့် ကျောပြင်ကို ဖက်ထားတဲ့ သူ့လက်မောင်း ပိန်ပိန်ညှော်ညှော်ကလေး တွေရဲ့ အထိအတွေ့ကို ကျွန်တော် ခံစားသိရှိရတယ်။ ကျွန်တော်က သူ့ထက် အရပ်ရှည်တယ်လေ။ ဒီတော့ ကျွန်တော့်ကို သူ ပွေ့ဖက်ထားတဲ့ အခါ ကျွန်တော့်မှာ အတော်ကြီး ကသိကအောက် ဖြစ်ရတာကလား။ ကျွန်တော်က သူ့ထက် အသက်ကြီးနေတာကို..... ကျွန်တော်က အဖေ၊ သူက သားငယ်ကလေးလို ဖြစ်နေတာကိုး။

သူက သူနဲ့ အဆက်အသွယ်မပြတ်ဖို့ ကျွန်တော့်ကို မှာတယ်။ ကျွန်တော်က 'ဟုတ်ကဲ့' လို့ မဆိုင်းမတွ ပြန်ဖြေလိုက်တယ်။

သူ နောက်ကို ခြေတစ်လှမ်းဆုတ်ပြီး ကျွန်တော်နဲ့ လူချင်းခွာလိုက် တယ်။ အဲဒီတော့မှ သူ ငိုနေတာ ကျွန်တော် တွေ့လိုက်ရတယ်။

▢

mgyoe.com

mgyoe.com

# သင်ရိုးမာတိကာ

သူ့အတွက် သေမိန့်ကျလာသည်မှာ ၁၉၉၄ ခုနှစ်၊ နွေရာသီထဲတွင် ဖြစ်၏။ နောက်ကြောင်းပြန်ကြည့်လိုက်တော့ ထိုအချိန်မတိုင်မီ အတော်စောစောကတည်းက ဆိုးဆိုးရွားရွားတစ်ခုခု ဖြစ်လာတော့မည်ဆိုတာ မော်ရီ သိနေခဲ့သည်။ တိတိကျကျပြောရလျှင် သူ ကခုန်ခြင်းကို စွန့်လွှတ်လိုက်သည့်နေ့ကတည်းက သိနေခဲ့ခြင်း ဖြစ်သည်။

ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးလေ..... သူက ဝါသနာကြီးလွန်းသည့် အကသမားတစ်ဦးဖြစ်၏။ ဂီတသံစဉ်ဆိုတာ သူ့အတွက် အကြောင်းမဟုတ်။ ရော့(ခ်)အင်ရိုးလ်၊ ဘင်ခရာတီးလုံး၊ အလွမ်းတေးသံ။ ဂီတဆိုလျှင် ပြီးရော၊ အားလုံးကို သူ နှစ်သက်သည်။ မြတ်နိုးသည်။ ဂီတသံကို ကြားသည်နှင့် သူက မျက်လုံးတွေကို အသာအယာ မှေးလိုက်သည်။ ပြီးတော့ ချမ်းသာသုခ ပြည့်ဝသော အပြုံးကိုပြုံးပြီး ဂီတသံ၏ နရီစည်းချက်နှင့်အညီ ရွေ့လျားလှုပ်ရှားမည်။ သူ့အကကို ကြည့်ရတာ သိပ်ပြီး မျက်စိပသာဒဖြစ်စရာ မကောင်းလှ။ တစ်ခုတော့ ရှိသည်။ သူက သူနှင့် တွဲကမည့်အဖော်မရှိလည်း ဂရုစိုက်သူ မဟုတ်။ သူ့ဘာသာသူ တစ်ကိုယ်တည်းကတတ်သူ။

mgyoe.com

mgyoe.com


သူက ဟားဗတ်ပန်းခြံထဲရှိ ဘုရားကျောင်းသို့ ဗုဒ္ဓဟူးညတိုင်း သွားလေ့ရှိသည်။ 'လွတ်လပ်စွာကခုန်' ဖို့ ဖြစ်၏။ ကပွဲခန်းမထဲတွင် တဖျပ်ဖျပ် လင်းလိုက် မှိန်လိုက် မီးလုံးတွေ တပ်ဆင်ထား၏။ တအုန်းအုန်း မြည်ဟိန်းနေသော အသံချဲ့စက်ကြီးတွေ ရှိ၏။ မော်ရီက တီရှပ်အဖြူနှင့် ဘောင်းဘီ အနက်ပွပွကြီး ဝတ်ပြီး လည်ပင်းတွင် တဘက်တစ်ထည် ပတ်ထားမည်။ ကျောင်းသူကျောင်းသားတွေသာ များသည့် ပရိသတ်ထဲ လျှောက်လည် လှည့်ပတ်သွားမည်။ ပြီးတော့ အသံချဲ့စက်က ဘယ်လိုသီချင်းမျိုးပဲ ဖွင့်ပေးပေး၊ သူက ထိုသီချင်းနှင့် လိုက်ကမည် ဖြစ်၏။ အေးငြိမ့် ညင်သာသည့် သီချင်းမျိုးမှသည် ပူလောင်ပေါက်ကွဲသည့် သီချင်းမျိုးအထိ ကြိုက်ရာသီချင်းကို ဖွင့်ပေးပါ။ သူက သူ့ကျောပြင်တွင် ချွေးတပြိုက်ပြိုက် စီးကျလာသည့်တိုင် သူ့ကိုယ်ခန္ဓာကို လူးကာလွန့်ကာ၊ ကွေးကာကောက်ကာ၊ လက်တွေကို ဝှေ့ကာယမ်းကာဖြင့် ကိုယ်ကာယအလှ လေ့ကျင့်ခန်း သင်တန်းဆရာ တစ်ဦးလို ကမည်သာဖြစ်၏။ သူသည် ထင်ရှားကျော်ကြားသော လူမှုရေး သိပ္ပံပညာဖြင့် ဒေါက်တာဘွဲ့ရထားသူတစ်ဦး ဖြစ်ကြောင်း၊ တက္ကသိုလ်ပါမောက္ခတစ်ဦးအနေဖြင့် အတွေ့အကြုံများစွာ ရှိသူ ဖြစ်ကြောင်း၊ လူရိုသေ ရှင်ရိုသေ စာအုပ် အတော်များများကို ရေးသားပြုစုခဲ့သူ ဖြစ်ကြောင်းကို ကပွဲခန်းမထဲက လူတွေ မသိကြ။ သူ့ကို ပေါကြောင်ကြောင် အဘိုးကြီးတစ်ဦးဟုသာ ထင်ကြမြင်ကြသည်။

တစ်ခါကဆို သူက တန်ဂိုအကတီးလုံး သွင်းထားသည့် တိတ်ခွေကို ယူလာပြီး အသံချဲ့စက်ဖြင့် ဖွင့်ခိုင်းသည်။ ပြီးတော့ ကကွင်းကို မောင်ပိုင်စီးပြီး လက်တင်အကသမားတစ်ဦးလို ရှေ့တိုးနောက်ငင် ဘယ်ယိမ်းညာနွဲ့ဖြင့် မြူးကြွနေအောင် ကတော့၏။ သူ ကပြီးသွားသော အခါ လူတိုင်းက သောင်းသောင်းဖြဖြ လက်ခုပ်တီး ဩဘာပေးကြသည်။

mgyoe.com

mgyoe.com


သည်အချိန် သည်သမယကလေးသည် သူ့တစ်သက်လုံး တသသ ဖြစ်နေမည့် သမယကလေး ဖြစ်ပါသည်။

သို့ပေမဲ့ သည်နောက်မှာတော့ ကတာခုန်တာတွေ ရပ်သွားသည်။

သူ့အသက် ငါးဆယ်ကျော်တွင် ရင်ကျပ်ပန်းနာရောဂါ ရလာသည်။ အသက်ရှူရတာ ပင်ပန်းမောဟိုက်လာသည်။ တစ်နေ့တွင် ချားလ်မြစ်ကမ်းတစ်လျှောက် လမ်းလျှောက်နေခိုက် အေးစက်သော လေပြင်းတစ်ချက် အမွှေ့ခံလိုက်ရပြီး သူ့မှာ အသက်မရှူနိုင်ဘဲ ဖြစ်ကျန်ခဲ့သည်။ သူ့ကို ဆေးရုံသို့ ကမန်းကတန်း လိုက်ပို့ကြသည်။ ဆေးရုံက အယ်ဒရီနလင် ဆေးထိုးပေးလိုက်ရသည်။

နောင် နှစ်အနည်းငယ်အကြာတော့ သူ လမ်းလျှောက်ရတာ ကသိကအောက် ဖြစ်လာသည်။ မိတ်ဆွေတစ်ဦး၏ မွေးနေ့ပါတီပွဲတွင် ဘာကြောင့်ရယ်မှန်းမသိ၊ ဟပ်ထိုးလဲကျသည်။ အခြားည တစ်ညမှာတော့ ကဇာတ်ရုံတစ်ရုံ၏ လှေကားပေါ်မှ လိမ့်ကျသည်။ အနီးအနားရှိ လူတွေလည်း အလန့်တကြား ဖြစ်ကုန်ကြသည်။

"လေဝင်ပေါက် ဖွင့်ပေးကြပါ"

ဝိုင်းအုံနေသည့် လူစုထဲမှ တစ်ယောက်က အော်သည်။

ထိုသို့ဖြစ်ချိန်တွင် သူ့အသက် ခြောက်ဆယ်ကျော်နေပြီ။ သည်တော့ ဝိုင်းအုံနေသည့် လူတွေက "အိုနာပေါ့လေ" ဟု တိုးတိုးတိတ်တိတ် ရေရွတ်ကြသည်။ ပြီးတော့ သူ့အား ဖေးကူထူမပေးကြသည်။ သို့သော် ကျွန်တော်တို့လို အခြားလူတွေထက် သူ့ကိုယ်သူ အမြဲတမ်း ဆန်းစစ်ဂရုစိုက်နေသည့် မော်ရီက တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ သိနေပြီ။ ယခု သူဖြစ်နေသည်မှာ 'အိုနာ' ထက် ပိုကြောင်း သူ သိနေသည်။ သူသည် တစ်ချိန်လုံး ပင်ပန်းနွမ်းနယ်နေသည်။ ကောင်းကောင်း အိပ်

mgyoe.com

mgyoe.com


လို့ မရ။ အိပ်မက်တွေက ကယောက်ကယက်။ အိပ်မက်ထဲမှာ သူ သေနေပြီလို့ချည်း မြင်မက်နေသည်။

သူ ဆရာဝန်တွေထံ စတင်ပြသတော့၏။ ပြသမှ ဆရာဝန်တွေအများကြီးထံ သွားသည်။ သူတို့က သူ့သွေးကို စစ်ကြည့်သည်။ သူ့ဆီးကို စစ်ကြည့်သည်။ သူ့စအိုထဲ မှန်ပြောင်းတစ်ခု ထိုးထည့်ပြီး သူ့အူသိမ် အူမတွေကို စစ်ဆေးကြည့်သည်။ ဘာရောဂါမျှ ရှာမရသည့်အဆုံးတွင် ဆရာဝန်တစ်ဦးက သူ၏ ကြွက်သားမျှင်ကို ဓာတ်ခွဲစမ်းသပ်မည် ဆိုသည်။ ပြီးတော့ မော်ရီ၏ ခြေသလုံးမှ ကြွက်သားမျှင် ထုတ်ယူသည်။ ဓာတ်ခွဲခန်း အစီရင်ခံစာ ပြန်ရောက်လာတော့ အာရုံကြောနှင့်ဆိုင်သည့် ရောဂါတစ်ခုခု ရှိနေသည်ဟု ဖော်ပြထားသည်။ သို့ဖြင့် မော်ရီမှာ စမ်းသပ်စစ်ဆေးမှုတွေ တသီကြီး ဆက်လုပ်ရပြန်တော့သည်။ အဆိုပါ စမ်းသပ်စစ်ဆေးမှုတွေထဲမှ တစ်ခုမှာ သူ့ကို အထူးစီမံထားသောကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ခိုင်း၏။ သူ့ခန္ဓာကိုယ်ကို လျှပ်စစ်ဓာတ်အား လွှတ်ပေးသည့် ကိရိယာများဖြင့် ချည်ပတ်ကြ၏။ တစ်နည်းအားဖြင့်တော့ လျှပ်စစ်ကုလားထိုင်ပေါ်မှာ ထိုင်ခိုင်းသလိုပင် ဖြစ်၏။ သူတို့က မော်ရီ၏ အာရုံကြောဆိုင်ရာ တုံ့ပြန်ချက်များကို စူးစမ်းလေ့လာကြ၏။

"ကျွန်တော်တို့ ဒီစမ်းသပ်စစ်ဆေးမှုကို ဆက်လုပ်ဖို့ လိုဦးမယ်"

မော်ရီ့ တုံ့ပြန်ချက် မှတ်တမ်းတွေကို ကြည့်ပြီး သူတို့က ပြောသည်။

"ဘာဖြစ်လို့လဲ၊ ခုဖြစ်နေတာကကော ဘာရောဂါလဲ"

မော်ရီက မေးသည်။

"ကျွန်တော်တို့ တိတိကျကျကို မပြောတတ်ဘူး။ ဆရာကြီးရဲ့ တုံ့ပြန်နှုန်းတွေက နှေးကွေးနေတယ်"

mgyoe.com

mgyoe.com



သူ့တုံ့ပြန်နှုန်းတွေက နှေးကွေးသည် ဆိုပါကလား။ အဲဒါက တော့ ဘာအဓိပ္ပာယ်လဲ။ ဘာကို ဆိုလိုပါသလဲ။

ကြုံရာမရတော့သည့်အဆုံး ၁၉၉၄ ခုနှစ်၊ ဩဂုတ်လ၏ ပူလောင် အိုက်စပ်သော နေ့တစ်နေ့တွင် မော်ရီနှင့် သူ့ဇနီး ရှားလော့တို့သည် အာရုံကြော ပါရဂူ၏ ရုံးခန်းသို့ သွားကြသည်။ သမားတော်ကြီးက သူ့တို့ဇနီးမောင်နှံကို နေရာထိုင်ခင်းပေးသည်။ ပြီးမှ မော်ရီတွင် အမိုင် ယိုထရောဖစ်လေထရယ် စလယ်ရောစစ် (ALS) ရောဂါ စွဲကပ်နေပြီ ဖြစ်ကြောင်း အသိပေးသည်။ အေအယ်လ်အက်စ် ရောဂါဆိုသည်မှာ ကြောက်စရာအလွန်ကောင်းပြီး ကုရာနတ္ထိ ဆေးမရှိသည့်ရောဂါ။ အာရုံ ကြောစနစ်နှင့် ပတ်သက်သည့်ရောဂါ။

သည်ရောဂါကို ကုသဖို့ ခုချိန်ထိတော့ ဆေးမရှိသေး။

"ဒီရောဂါကို ကျုပ်က ဘယ်လိုလုပ်ပြီး ရလာတာလဲဗျ"

မော်ရီက မေးသည်။

ဘယ်သူမျှ မသိ။

"ဒီရောဂါက ကုလို့မရတဲ့ ရောဂါလား"

"ဟုတ်ကဲ့"

"ဒါဆို ကျုပ် သေတော့မှာပေါ့"

"ဟုတ်ပါတယ် ဆရာကြီး၊ ခုလိုပြောရတာ စိတ်မကောင်းပါဘူး" ဟု ဆရာဝန်ကြီးက ပြောသည်။

ဆရာဝန်ကြီးသည် မော်ရီ၊ ရှားလော့တို့နှင့်အတူ နှစ်နာရီနီးပါး ထိုင်ပြီး စကားပြောသည်။ သူတို့မေးသည့် မေးခွန်းတွေကို စိတ်ရှည် လက်ရှည် ဖြေသည်။ သူတို့ ပြန်မည်ပြုသောအခါ ဆရာဝန်ကြီးက အေအယ်လ်အက်စ်ရောဂါနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ဖော်ပြထားသည့် လက်ကမ်းကြော်ငြာ စာရွက်ကလေးတွေ ထုတ်ပေး

mgyoe.com

mgyoe.com


သည်။ ဘဏ်စာရင်း အသစ်ဖွင့်ရန်အတွက် လိုအပ်ချက်များ သိထားရန် လက်ကမ်းကြော်ငြာ စာရွက်များ ထုတ်ပေးသည့်နှယ်။ သမားတော်ကြီး ၏ ရုံးခန်းအပြင်ဘက်ရောက်တော့ နေရောင်ခြည်က တောက်ပဝင်းထိန် နေသည်။ လူတွေက ကိုယ့်ကိစ္စနှင့်ကိုယ် သွားလာလှုပ်ရှားနေသည်။ မိန်းမတစ်ယောက်သည် ကားရပ်ခပေးဖို့ မီတာခွက်ရှိရာသို့ ပြေးပြီး ပိုက်ဆံထည့်နေ၏။ အခြားမိန်းမတစ်ယောက်က မီးဖိုချောင်သုံးပစ္စည်း တွေ ပွေ့ပိုက်လာသည်။ ရှားလော့၏ ခေါင်းထဲမှာတော့ အတွေးပေါင်း သောင်းခြောက်ထောင်။

*ငါတို့ ဘယ်လောက်အချိန်ရဦးမလဲ။ ငါတို့ ဘယ်လိုရင်ဆိုင်ကြမလဲ။*

*ငါတို့ရဲ့ အကြွေးတွေကို ဘယ်လိုဆပ်ကြမလဲ။*

*လောလောဆယ်အချိန်တွင် ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးကတော့ သူ့ဝန်းကျင်မှ ပုံမှန်အနေအထားများကို ကြည့်ပြီး အံ့အားတသင့်ဖြစ်နေသည်။ ဒီကမ္ဘာကြီး ပုံမှန်လည်ပတ်နေတာ ရပ်ဆိုင်းမသွားသင့်ဘူးလား။ ငါ့မှာ ဘာတွေဖြစ်နေတယ်ဆိုတာ သူတို့ မသိကြလေရော့သလား။*

*သို့သော် ကမ္ဘာကြီးက ရပ်တန့်မသွားပါ။ သူ ဘာတွေ ဖြစ်နေသည် ဆိုတာကိုလည်း ကမ္ဘာကြီးက အမှုမထားပါ။ သို့ဖြင့် မော်ရီသည် မော်တော်ကားတံခါးကို အားအင်ချည့်နဲ့စွာဖြင့် ဆွဲဖွင့်သည်။ သူသည် လိုဏ်ခေါင်းပေါက်ကြီး တစ်ပေါက်ထဲသို့ ပြုတ်ကျသွားသည့်နှယ် ခံစားရသည်။*

*ကဲ... ဘာတွေဆက်ဖြစ်လာဦးမလဲ။ သူ တွေးနေ၏။*

*

mgyoe.com

mgyoe.com


အဖြေများကို ရှာရင်းဖွေရင်း ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးအား ရောဂါက တစ်နေ့ပြီးတစ်နေ့၊ တစ်ပတ်ပြီးတစ်ပတ် ဝါးမျိုဖိစီးလာသည်။ တစ်နံနက်တွင် ကားဂိုဒေါင်ထဲမှ ကားကို နောက်ပြန်ဆုတ်လိုက်၏။ ပြီးတော့ ဘရိတ်ကို နင်းသည်။ သူသည် ဘရိတ်ကို အနိုင်နိုင်နင်းနေရသည်။ ဤကား သူ့အတွက် ကားမောင်းခြင်းကို တစ်စခန်း ရပ်လိုက်ရခြင်းပင် ဖြစ်တော့၏။

သူသည် အမြဲလို ခလုတ်တိုက်ပြီး လဲ လဲကျနေသည်။ သည်တော့ ကြိမ်တုတ်တစ်ချောင်းဝယ်ပြီး ဆောင်ထားသည်။ ဤကား သူ့အတွက် လွတ်လွတ်လပ်လပ် လမ်းလျှောက်ခြင်းကို တစ်စခန်း ရပ်လိုက်ရခြင်းပင် ဖြစ်တော့၏။

သူသည် ဝိုင်အမ်စီအေကလပ်သို့ ပုံမှန်သွားပြီး ရေကူးလေ့ရှိ၏။ သို့သော် သူ့ဘာသာသူ အဝတ်အစား မလဲနိုင်တော့ကြောင်း တွေ့ရ၏။ သည်တော့ ကူဖော်လောင်ဖက်အလုပ်သမား တစ်ဦးကို ပထမဦးဆုံးအကြိမ် ငှားသည်။ ထာဝရဘုရား လေ့လာခြင်းပညာ သင်တန်းသားကလေး တိုနီဆိုသူ ဖြစ်၏။ သူ ရေကူးကန်ထဲ ဆင်းဖို့တက်ဖို့ကို တိုနီက အကူအညီ ပေးရသည်။ ပြီးတော့ သူ အဝတ်အစားချွတ်ဖို့နှင့် အဝတ်အစားဝတ်ဖို့ကို တိုနီက အကူအညီ ပေးရသည်။ အဝတ်အစား လဲခန်းထဲတွင် အခြားရေကူးသမားတွေ သူ့ကို မကြည့်မိ မမြင်မိယောင် ဆောင်ကြရသည်။ တကယ်တော့ သူတို့ ကြည့်မိမြင်မိကြသည်သာ။ ဤကား သူ့အတွက် ကိုယ်ပိုင်လွတ်လပ်ခွင့်ကို စွန့်လွှတ်လိုက်ရခြင်းပင် ဖြစ်တော့၏။

၁၉၉၄ ခုနှစ်၊ ဆောင်းဦးရာသီတွင် မော်ရီသည် တောင်ကုန်းတွေပေါ်မှ ဘရန်ဒီးစ်တက္ကသိုလ်သို့ လာရောက်သည်။ သူ သင်နေကျ နောက်ဆုံးနှစ် သင်တန်းကို သင်ကြားပို့ချရန် ဖြစ်၏။ တကယ်တော့

mgyoe.com

mgyoe.com


သူ မသင်ဘဲ နေလိုက်လျှင်လည်း ရသည်။ တက္ကသိုလ်က သူ့အပေါ် နားလည် သဘောပေါက်ကြမှာပါ။ လူတွေအများကြီး ရှေ့မှောက်မှာ ဘာကိစ္စ ကြိတ်မှိတ်ဝေဒနာ ခံစားနေမည်လဲ။ အိမ်မှာပဲနေပေါ့။ ကိုယ့်ကိစ္စတွေကိုယ် စီစဉ်ဆောင်ရွက်ဦးပေါ့။ သို့သော် သူ သင်နေကျသင်တန်းကို စွန့်လွှတ်လိုက်ဖို့ ဆိုသည်ကို မော်ရီ မတွေး။ လက်မခံ။

ထိုသို့ စွန့်လွှတ်မည့်အစား သူက စာသင်ခန်းထဲသို့ ထော့နင်းထော့နင်းဖြင့် ဝင်လာသည်။ တကယ်တော့ စာသင်ခန်းဆိုသည်မှာ သူ နှစ်ပေါင်း သုံးဆယ်ကျော် ကျင်လည်မွေ့ပျော်ခဲ့သည့် သူ့အိုးသူ့အိမ်ပင် မဟုတ်ပါလား။ ကြိမ်တုတ်ကို အားပြု လျှောက်နေရသည့်အတွက် ကုလားထိုင်ဆီသို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်အောင် အချိန်အတော် ယူရသည်။ နောက်ဆုံးတော့ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ မျက်မှန်ကို နှာခေါင်းပေါ်မှ ဖြုတ်ချသည်။ ပြီးတော့ သူ့အား တိတ်ဆိတ်စွာ စိုက်ကြည့်နေကြသည့် နုနယ်ပျိုမျစ်သော မျက်နှာကလေးတွေကို လှမ်းကြည့်သည်။

"သူငယ်ချင်းတို့၊ မင်းတို့အားလုံး ဒီအခန်းထဲ ရောက်လာကြတာ လူမှုရေးစိတ်ပညာ ဘာသာရပ်ကို သင်ယူဖို့လို့ ဆရာ သဘောပေါက်ထားတယ်။ ဒီဘာသာရပ်ကို ဆရာ သင်ကြားပို့ချလာတာ နှစ်ပေါင်းနှစ်ဆယ် လောက်ရှိပြီ။ ဒီနေ့တော့ ပထမဦးဆုံးအကြိမ်အဖြစ် ဆရာပြောချင်တာက မင်းတို့ ဒီဘာသာရပ်ကို သင်ယူရတာ အရဲကိုး စွန့်စားရာ ရောက်လာလိမ့်မယ် ဆိုတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ့မှာ သေလောက်တဲ့ ရောဂါတစ်ခု ရနေလို့ပဲ။ ဆရာ့အနေနဲ့ ပထမနှစ်ဝက်သင်တန်း ပြီးဆုံးချိန်အထိ အသက်ရှင်နေချင်မှ နေရလိမ့်မယ်"

"တကယ်လို့ ဒီကိစ္စဟာ မင်းတို့အတွက် ပြဿနာတစ်ခု ဖြစ်နေမယ်လို့ထင်ရင် မင်းတို့ ဘာသာရပ်ပြောင်းချင်ပြောင်းနိုင်တယ်။ ဆရာ နားလည်သဘောပေါက်ပါတယ်"

mgyoe.com

mgyoe.com


သူ ပြုံးလိုက်၏။

ဤကား သူ၏ လျှို့ဝှက်ချက်ကို စွန့်လွှတ်လိုက်ရခြင်းပင် ဖြစ်တော့၏။

*

အေအယ်လ်အက်စ်ရောဂါသည် မီးညှိထားသော ဖယောင်းတိုင်နှင့် တူ၏။ သည်မီးက သင်၏ အာရုံကြောတွေကို အရည်ပျော်ကျသွားစေသည်။ ပြီးတော့ သင့်ခန္ဓာကိုယ်ကို ဖယောင်းခဲကြီးလိုဖြစ်ပြီး ကျန်ခဲ့စေသည်။ များသောအားဖြင့် သည်ရောဂါက ခြေထောက်တွေမှ စပြီး ဒုက္ခပေးတတ်သည်။ ပြီးတော့ အထက်ဘက်သို့ တရွေ့ရွေ့ တက်သည်။ သင်သည် သင့်ပေါင်တံမှ ကြွက်သားများကို မထိန်းနိုင်တော့။ ထိုအခါ သင် မတ်တတ်ရပ်နေနိုင်ဖို့ သင့်ပေါင်တံ ကြွက်သားများက ပံ့ပိုးမပေးနိုင်တော့။ သင်သည် သင့်ကိုယ်ခန္ဓာမှ ကြွက်သားများကို မထိန်းနိုင်တော့။ ထိုအခါ သင် မတ်မတ်မထိုင်နိုင်တော့။ နောက်ဆုံး၌ သင် အသက်ရှင်လျက် ရှိနေသေးလျှင် သင်သည် သင့်လည်ချောင်းမှာ အပေါက်ဖောက်ပြီး တပ်ထားသည့် ပိုက်တစ်ချောင်းမှ တစ်ဆင့် အသက်ရှူနေရတော့၏။ အကောင်းပကတိအတိုင်း နိုးနိုးကြားကြား ရှိနေသေးသည့် သင့်ဝိညာဉ်သည် မျက်တောင်ခတ်ရုံလောက်၊ တောက်ခေါက်ရုံလောက်သာ စွမ်းဆောင်နိုင်တော့သည့် ပျော့ဖတ်ခန္ဓာကိုယ်ကြီးထဲတွင် အကျဉ်းချ ခံထားရသလို ရှိ၏။ သိပ္ပံရုပ်ရှင်ဇာတ်ကားတွေထဲတွင် တွေ့ရသည့် မိမိ၏ အသားတွေထဲတွင် လှောင်ပိတ်အမိခံနေရသော လူတစ်ဦးကဲ့သို့ ဖြစ်နေတော့၏။ ထိုသို့ ဖြစ်နေသည်မှာ ရောဂါ စတင်ကပ်ရောက်သည့် နေ့မှစ၍ နောက် ငါးနှစ်အထိသာ ခံသည်။

mgyoe.com

mgyoe.com


မော်ရီအနေဖြင့်တော့ နောက်ထပ် နှစ်နှစ်လောက်ပဲ ခံတော့မည်ဟု သူ့ဆရာတွေက ခန့်မှန်းကြသည်။

မော်ရီကတော့ ထို့ထက် သက်တမ်းတိုမည်ဆိုတာ သိနေသည်။

သို့သော် ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးသည် နက်နဲသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့၏။ ထိုဆုံးဖြတ်ချက်ကို အာရုံကြော ပါရဂူ၏ ရုံးခန်းမှ ပြန်ထွက်လာသည့်နေ့၊ သူ့လည်ကုပ်ပေါ်တွင် ဓား အမိုးခံထားရပြီဖြစ်ကြောင်း သိခဲ့ရသည့်နေ့က ဆောက်တည်ချမှတ်ခဲ့ ခြင်းဖြစ်၏။ *ငါ တန့်မှိန်းမှိန်း တရိရိနှင့် ညှိုးခြောက် ကြွေပျောက်သွားတာ ခံမလား။ ဒါမှမဟုတ် ငါ့သက်တမ်းရဲ့ လက်ကျန်ရက်ကလေးတွေကို အကောင်းဆုံးနေ့ရက်တွေ ဖြစ်အောင်လုပ်မလား။* သူသည် သူ့ကိုယ်သူ မေးခွန်းထုတ်ခဲ့၏။

ညှိုးနွမ်းခြောက်သွေ့ပြီး ကြွေလွင့်ခြင်းမျိုးတော့ အဖြစ်မခံ။ သေကောင်ပေါင်းလဲ ဖြစ်နေရခြင်းကို သူ ရှက်ကြောက်နေလိမ့်မည် မဟုတ်။

ထိုသို့ အဖြစ်ခံမည့်အစား သေဆုံးခြင်းကို သူ၏ ဘဝနေဝင်ချိန် စီမံကိန်းတစ်ခုဖြစ်အောင် ဖန်တီးပစ်သည်။ သူ့ဘဝ၏ လက်ကျန်နေ့ရက် များကို လူတိုင်း အာရုံစိုက်ရမည့် စီမံကိန်းတစ်ခုအဖြစ် ဖော်ဆောင်ပစ် မည်။ လူတိုင်းလူတိုင်း သေရမည်မှာ ဓမ္မတာဆိုတော့ သူသည် အလွန့် အလွန် တန်ဖိုးရှိသူတစ်ဦး ဖြစ်လာနိုင်သည် မဟုတ်ပါလား။ သူသည် သုတေသန စာတမ်းတစ်စောင် ဖြစ်နိုင်သည်။ သူသည် လူသား ပြဋ္ဌာန်း စာအုပ်ကြီးတစ်အုပ် ဖြစ်နိုင်သည်။ ငါ တရိရိ တအိအိ သေဆုံးနေခြင်းကို လေ့လာကြ။ စူးစမ်းကြ။ ငါ ဖြစ်ပျက်နေတဲ့ ဖြစ်ရပ်တွေကို စောင့်ကြည့် ကြ။ ငါနဲ့အတူ သင်ယူကြ။ ဆည်းပူးကြ။

မော်ရီက ဘဝနှင့် သေဆုံးခြင်းအကြား ကူးဆက်ပေးထားသည့် နောက်ဆုံးတံတားကို လျှောက်လှမ်းမည်။ ပြီးတော့ သည်ခရီးအကြောင်း

mgyoe.com

mgyoe.com


ပြန်လည် ဖောက်သည်ချမည်။ ဆောင်းဦးရာသီမှာ စခဲ့သည့် စာသင်ချိန် နှစ်ဝက်သည် မြန်မြန်ဆန်ဆန်ကြီး ကုန်လွန်သွားသည်။ သူ သောက်ရသည့် ဆေးလုံးတွေ ပိုများလာသည်။ ရောဂါကုထုံးအတိုင်း လေ့ကျင့်ခန်းတွေ လုပ်ရသည်မှာ ပုံမှန်ကျင့်စဉ် ဖြစ်လာသည်။ မော်ရီ၏ ချည့်နဲ့လှသော ခြေထောက်တွေကို လေ့ကျင့်ပေးဖို့ သူနာပြုတွေ သူ့အိမ်သို့ လာကြသည်။ ခြေထောက်ကြွက်သားတွေ သန်မာလှုပ်ရှားနိုင်အောင် ရေစုပ်ရာတွင် သုံးသည့်တုံကင်တစ်ခုလို သူ့ခြေထောက်တွေကို ကွေးချည် ဆန့်ချည် ပြုလုပ်ပေးသည်။ သူ အမြဲတစေ ခံစားနေရသည့် ထုံကျဉ်လေးကွေးမှုများ လျော့ပါးသွားအောင် အကြောနှိပ်ကျွမ်းကျင်သူများ တစ်ပတ်တစ်ကြိမ် လာကြသည်။ သူက တရားပြဆရာများထံတွင်လည်း တပည့်ခံသည်။ သူက မျက်လုံးတွေကို မှိတ်သည်။ သူ၏ အတွေးနယ်ပယ်ကို တဖြည်းဖြည်း ချုံ့ပစ်သည်။ သူ၏ ကမ္ဘာကြီး တစ်စထက် တစ်စ ကျုံ့သွားပြီး နောက်ဆုံး သူ့အသိ၊ သူ့သတိသည် ဝင်သက်၊ ထွက်သက် တစ်ခုတည်းပေါ်တွင် တည်နေသည်အထိ။ ဝင်သည်၊ ထွက်သည်။ ဝင်သည်၊ ထွက်သည်။

တစ်နေ့တွင် သူ့ကြိမ်တုတ် အကူအညီဖြင့် လမ်းလျှောက်လာရင်း ပလက်ဖောင်းပေါင်ပေါ်သို့ လှမ်းတက်လိုက်ရာ လမ်းပေါ်သို့ လဲကျသွားသည်။ သို့ဖြင့် ကြိမ်တုတ်ကို လမ်းလျှောက်အကူကိရိယာဖြင့် အစားထိုးလိုက်ရသည်။ သူ့ခန္ဓာကိုယ်သည် ချည့်နဲ့သည်ထက် ချည့်နဲ့လာရာ အိမ်သာနှင့် ရေချိုးခန်း သွားရ၊ ပြန်ရသည်ကိုပင် မခံနိုင်တော့။ မောဟိုက်ပင်ပန်းလွန်းလာသည်။ သည်တော့ ဆီးအိုးဖြင့် ဆီးသွားရတော့၏။ ထိုသို့ ဆီးသွားရာတွင်လည်း သူ့ကိုယ်သူ မနည်းကြီး ထိန်းမတ်နေရသည်။ သည်တော့ သူ ဆီးသွားနေခိုက် တစ်ယောက်ယောက်က ဆီးအိုးကို ကိုင်ပေးထားရသည်။

mgyoe.com

mgyoe.com


သည်လိုတွေ လုပ်နေရခြင်းကို ကျွန်တော်တို့ အများစုကတော့ စိတ် စနောင့်စနင်း ဖြစ်ကြပေမည်။ သို့ပေမဲ့ မော်ရီက ကျွန်တော်တို့ အများစုနှင့် တူသူမဟုတ်။ သူနှင့် ရင်းနှီးသော အပေါင်းအသင်းမိတ်ဆွေများ သူ့ထံ လာရောက် လည်ပတ်နေလျှင်လည်း သူက

"ဒီမယ်၊ ကျုပ် ဆီးသွားချင်တယ်ဗျ။ ခင်ဗျား ကျုပ်ကို ကူညီနိုင်မလား။ ခင်ဗျား စိတ်ကသိကအောက် မဖြစ်ပါဘူးနော်"

ဟု ပြောတတ်၏။

သူတို့ တကယ်လည်း စိတ်ကသိကအောက်မဖြစ်ကြပါ။ သည်လို ရှောရှောရှူရှူ ကူညီမိသည့်အတွက် သူတို့ကိုယ်သူတို့ပင် တအံ့တသြ ဖြစ်ကြရသည်။

သူကတော့ တစ်နေ့တခြား များပြားလာသည့် ဧည့်သည်တွေကို ဒိုင်ခံပြီး ဧည့်ခံသည်။ သူ့မှာ သေခြင်းအကြောင်း ဆွေးနွေးသည့် အုပ်စုတွေ ရှိသည်။ သေခြင်း၏ အနက်အဓိပ္ပာယ် အစစ်အမှန်က ဘာလဲ။ သေခြင်းအကြောင်းကို ဂဃနဏ မသိနားမလည်ဘဲ လူ့အဖွဲ့ အစည်းသည် သေခြင်းကို ထာဝစဉ် ကြောက်လန့်နေကြသည်မှာ ဘာကြောင့်လဲ။ သူက သူ့မိတ်ဆွေတွေကို မှာထားသည်။ သူတို့အနေဖြင့် မိမိအား တကယ်ပင် ကူညီလိုလျှင် မိမိအား သနားကြင်နာစိတ်ဖြင့် မဆက်ဆံကြပါနှင့်။ မိမိထံသို့ လာရောက် လည်ပတ်ခြင်းဖြင့်၊ ဖုန်းဆက် စကားပြောခြင်းဖြင့်၊ သူတို့၏ ပြဿနာတွေကို ခါတိုင်းလို ဖွင့်ဟ တိုင်ပင်ခြင်းဖြင့် ကူညီကြပါဟူ၏။ ဘာ့ကြောင့်ဆို သူတို့အားလုံး သိထားသည့်အတိုင်း မော်ရီက သူများဖြေသမျှ စကားကို စိတ်ရှည်လက်ရှည် ဒိုင်ခံ နားထောင်တတ်သူ ဖြစ်သောကြောင့်ပင်။

ထိုသို့သော ဖြစ်ရပ်တွေ ဖြစ်ပျက်နေသည့်တိုင် သူ့အသံက အားပါနေဆဲ။ လိုက်လှဲပျူငှာ ရှိနေဆဲ။ နောက်ပြီး သူ့စိတ်က သန်းပေါင်းများစွာသော အတွေးများဖြင့် လှုပ်ခတ်နေဆဲ။ 'သေခြင်း' ဆိုသည့်

mgyoe.com

mgyoe.com


စကားလုံးမှာ 'အသုံးမကျတော့ခြင်း' ဆိုသည့် စကားလုံးနှင့် အဓိပ္ပာယ် မတူကြောင်း သက်သေထူဖို့ သူက ရည်မှန်းထားသည်။

တစ်နှစ်ကုန်ပြီး တစ်နှစ် ကူးသွားသည်။ မော်ရီက ဘယ်သူ့ကိုမျှ ထုတ်ဟမပြော။ သို့သော် သည်နှစ်သည် သူ့အတွက် နောက်ဆုံးနှစ် ဖြစ်မည်ဆိုတာ သိနေသည်။ ယခုဆိုလျှင် သူသည် ဘီးတပ်ကုလားထိုင် ကို အသုံးပြုနေရပြီ။ သူက သူချစ်သည့်သူ၊ သူခင်သည့်သူ အားလုံးကို သူပြောချင် အသိပေးချင်တာတွေ မှန်သမျှ အကုန်အစင် ပြောပြသွားနိုင်ဖို့ အချိန်လုနေသည်။ ဘရန်ဒီးစ်တက္ကသိုလ်မှ လုပ်ဖော်ကိုင်ဖက် တစ်ဦး နှလုံးရောဂါဖြင့် ရုတ်တရက် သေဆုံးသွားသောအခါ သူက ထိုသူ၏ အသုဘအခမ်းအနားသို့ အရောက်သွားသည်။ သူသည် စိတ်ဓာတ်ကျပြီး အိမ်ပြန်လာသည်။

"နှမြောစရာ ကောင်းလိုက်တာကွယ်။ လူတွေအားလုံးက ချီးကျူး ဂုဏ်ပြုစကားတွေ ပြောကြတယ်။ ဒီစကားတွေထဲက တစ်ခွန်းတလေကို တောင် အာ့ဗ်ခမျာ ကြားမသွားရရှာဘူး'

မော်ရီတွင် ပို၍ကောင်းသော စိတ်ကူးတစ်ခု ရလာသည်။ သူက မိတ်ဆွေအချို့ထံ ဖုန်းဆက်သည်။ ရက်တစ်ရက်လည်း ရွေးချယ် သတ်မှတ်လိုက်သည်။ ချမ်းအေးသော တနင်္ဂနွေနေ့တစ်နေ့၏ မွန်းလွဲ ပိုင်းတွင် သူ့အိမ်သို့ မိတ်ဆွေ အပေါင်းအသင်းတစ်စု ရောက်လာသည်။ သူတို့နှင့်အတူ သူ့မိသားစုလည်း ရှိနေသည်။ သူတို့အားလုံး စုပေါင်းပြီး 'သက်ရှိ ဈာပနအခမ်းအနား' ကျင်းပကြသည်။ သူတို့ တစ်ယောက်ချင်း ထပြီး ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးအကြောင်း ချီးကျူးဂုဏ်ပြုစကား ပြောကြသည်။ တချို့က ငိုသည်။ တချို့က ရယ်သည်။ အမျိုးသမီး တစ်ယောက်က ကဗျာတစ်ပုဒ်ကို ဖတ်သည်။

သူတို့နှင့်အတူ မော်ရီလည်း ငိုသည်။ ရယ်သည်။ ပြီးတော့ ကျွန်တော်တို့ ချစ်ခင်မြတ်နိုးသူများကို ကျွန်တော်တို့ ဘယ်တုန်းကမျှ

mgyoe.com

မပြောဖြစ်ခဲ့သော ရင်ထဲမှ စကားအားလုံးကို ထိုနေ့က မော်ရီ ပြောဖြစ်ခဲ့ပါသည်။ သူ၏ 'သက်ရှိ ဈာပနအခမ်းအနား' မှာ လှုပ်လှုပ်ခတ်ခတ်နှင့် အကြီးအကျယ် အောင်မြင်သည့် ပွဲတစ်ပွဲ ဖြစ်သွားသည်။

တစ်ခုပဲ ရှိသည်။ မော်ရီကတော့ တကယ် မသေသေးပါ။

အမှန်စင်စစ်တော့ သူ့ဘဝ၏ အထူးခြားဆုံး အပိုင်းကဏ္ဍတွေ ယခုမှ စတင် ပေါ်ထွက်လာတော့မည် ဖြစ်ပါသည်။

□

mgyoe.com

mgyoe.com

# ကျောင်းသား

သည်နေရာတွင် ထိုနေ့တစ်နေ့၏ နောက်ပိုင်း ကျွန်တော် ဘာတွေဖြစ်ခဲ့သည်ကို ရှင်းပြရပါတော့မည်။ ထိုနေ့တစ်နေ့ဆိုသည်မှာ ကျွန်တော်ချစ်မြတ်နိုးသော ပညာရှိ ပါမောက္ခကြီးအား နောက်ဆုံးအကြိမ်ပွေ့ဖက်ပြီး သူနှင့် အမြဲတမ်း ဆက်သွယ်နေပါမည်ဟု ကတိပေးခဲ့သောနေ့တစ်နေ့ ဖြစ်ပါသည်။

ကျွန်တော် သူနှင့် အဆက်အသွယ် မပြုလုပ်ခဲ့ပါ။

တကယ်တော့ တက္ကသိုလ်မှာ ကျွန်တော် သိကျွမ်းခဲ့သူ အများစု နှင့် ကျွန်တော် အဆက်အသွယ် ပြတ်သွားသည်။ ထိုအထဲတွင် ကျွန်တော်၏ ဘီယာသောက်ဖော်များရော၊ ကျွန်တော် ပထမဆုံးတွဲခဲ့သည့် ကောင်မကလေးပါ ပါဝင်သည်။ ကျောင်းဆင်းပြီး နောက်ပိုင်း နှစ်ကာလများက ကျွန်တော့်အား မာမာကျောကျော ဖြစ်လာစေသည်။ ကျွန်တော်သည် ကြွစောင်းစောင်း ဘွဲ့ရပညာတတ်ကလေးတစ်ယောက် မဟုတ်တော့။ တက္ကသိုလ်ပရိဝုဏ်ကို ကျောခိုင်းပြီး နယူးယောက်မြို့တော်ကြီးဆီသို့ ဦးတည်သွားကာ မိမိတတ်ကျွမ်းထားသည့် ပညာများကို ကမ္ဘာလောကကြီးအား ဖြန့်ဝေပေးဖို့ အသင့်ဖြစ်နေသော ဘွဲ့ရကာစ လူငယ်ကလေး မဟုတ်တော့။

mgyoe.com

mgyoe.com


ကျွန်တော် တွေ့ရသလောက်တော့ ကမ္ဘာလောကကြီးက ကျွန်တော့်အား လုံးဝ စိတ်မဝင်စားပါ။ အသက်နှစ်ဆယ်ကျော်ကလေးသာ ရှိသေးသည့် ကျွန်တော်သည် ကမ္ဘာလောကကြီးထဲတွင် တဝဲဝဲတလည်လည် ဖြစ်နေသည်။ အိမ်ခန်းငှားခတွေ ပေးသည်။ အလုပ်ခေါ်သည့် ကြော်ငြာတွေ လိုက်ဖတ်သည်။ ပြီးတော့ ကျွန်တော့်အတွက် ဘာကြောင့်များ မီးစိမ်းတွေ မပြသေးပါလိမ့်ဟု အံ့သြတွေဝေနေသည်။ ကျွန်တော်က နာမည်ကြီး ဂီတသမားဖြစ်ချင်သူ။ (ကျွန်တော်က စန္ဒရားတီးသည်) သို့သော် နှစ်အတန်ကြာသည့်တိုင် ကျွန်တော် ကြုံတွေ့ခဲ့ရသည်မှာ မှောင်မည်းပြီး လူသူကင်းမဲ့သည့် ညဥ့်ကလပ်များ၊ ကတိပျက်မှုများ၊ ပြိုကွဲသွားသော တီးဝိုင်းအဖွဲ့များ။ ပြီးတော့ ကျွန်တော်က လွဲပြီး အခြားလူတိုင်းကို စိတ်ဝင်စားပုံရသည့် တေးဂီတ ထုတ်လုပ်သူများ။ ကြာတော့ ကျွန်တော့်စိတ်ကူးယဉ် အိပ်မက်သည် ခါးသီးရွံမုန်းစရာကောင်းလာသည်။ ခုတော့ ကျွန်တော့်ဘဝတွင် ပထမဦးဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရပြီ။

တစ်ချိန်တည်းမှာပင် ကျွန်တော့်ရင်ကို ပြင်းပြင်းထန်ထန် ရိုက်ခတ်စေသည့် သေခြင်းတရားကို ပထမဦးဆုံးအကြိမ် ကြုံတွေ့ရသည်။ ကျွန်တော် သိပ်ချစ်သည့် ဦးလေး၊ ကျွန်တော့်မေမေ၏ မောင်၊ ကျွန်တော့်အား ဂီတပညာသင်ပေးခဲ့သူ၊ ကျွန်တော့်အား ကားမောင်းသင်ပေးခဲ့သူ၊ ကျွန်တော့်အား ကောင်မလေးတွေနှင့် စခဲ့နောက်ခဲ့သူ၊ ကျွန်တော်ကန်ဖို့ ကျွန်တော့်ထံ ဘောလုံးပစ်ပေးခဲ့သူ။ ကလေးတစ်ယောက်အနေဖြင့် ကျွန်တော် စံထားအတုယူခဲ့သူ။

"ကျွန်တော်ကြီးလာရင် သူ့လိုဖြစ်ရမယ်" ဟု ကျွန်တော် ပြောခဲ့ရသူ။ သူသည် အသက်လေးဆယ့်လေးနှစ်တွင် ဆီးကျိတ်ကင်ဆာရောဂါဖြင့် သေဆုံးသွားသည်။

mgyoe.com

mgyoe.com



သူက အရပ်ပုပု၊ နှုတ်ခမ်းမွေးထူထူနှင့် ခန့်ချောချောသူ ဖြစ်သည်။ သူ့အခန်း၏ အောက်ထပ် အခန်းတစ်ခန်းတွင် ကျွန်တော် နေထိုင်ခဲ့သဖြင့် သူ မသေမီ နောက်ဆုံးတစ်နှစ်မှာ ကျွန်တော် သူနှင့် အတူ ရှိနေသည်။ တောင့်တင်းသန်မာသော သူ့ခန္ဓာကိုယ်သည် ခြောက်ခန်းလာသည်။ ထို့နောက် ဖောသွပ်လာသည်။ ဝေဒနာကို အလူးအလဲ ခံစားရသည်။ ထမင်းစားပွဲမှာ ထိုင်ပြီး ခါးကုန်းထားရသည်။ ဗိုက်ကို လက်ဖြင့် ဖိထားရသည်။ မျက်စိတွေ စုံမှိတ်ကာ နာကျင်မှုကြောင့် နှုတ်ခမ်းက မဲ့ရွဲ့ကာ "အား..... ဘုရား ဘုရား" ဟု ညည်းတွားသည်။ "အမယ်လေး....." ဟု မြည်တမ်းသည်။ သူ့အနီးမှာ ရှိနေသည့် ကျွန်တော်တို့..... ကျွန်တော့်အဒေါ်၊ သူ့ သားငယ် နှစ်ယောက်နှင့် ကျွန်တော်တို့သည် အသံမထွက်ဘဲ မတ်တတ်ရပ်နေကြသည်။ ပန်းကန်ခွက်ယောက်တွေ ဆေးကြောနေကြသည်။ ကျွန်တော်တို့၏ အကြည့်တွေကို လွှဲထားကြသည်။

ကျွန်တော့် တစ်သက်တာတွင် သည်လောက် ကူကယ်ရာမဲ့သည့် ခံစားချက်မျိုး တစ်ကြိမ်မျှ မခံစားခဲ့ရဘူးပါ။

မေလ၏ တစ်ညတွင် ဦးလေးနှင့် ကျွန်တော်သည် သူ့အခန်း၏ လသာဆောင်တွင် ထိုင်နေသည်။ လေပြည်တညင်းညင်းနှင့် နွေးထွေးသော ည။ သူက မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော်ကြည့်သည်။ ပြီးတော့ သူ့သားကလေးတွေ နောက်နှစ် ကျောင်းတက်သည်ကို သူ မြင်တွေ့ရတော့မှာ မဟုတ်ကြောင်း အံကြိတ်ပြီး ပြောသည်။ သူ့သားကလေးတွေကို စောင့်ရှောက်ဖို့ ကျွန်တော့်ကို ပြောသည်။ သည်လို စကားမျိုးတွေ မပြောဖို့ ကျွန်တော်က သူ့ကို ဖျောင်းဖျသည်။ သူ ကျွန်တော့်ကို ကြေကွဲစွာ စိုက်ကြည့်နေခဲ့၏။

ရက်သတ္တပတ် အနည်းငယ်အကြာတွင် သူ ကွယ်လွန်သွားလေသည်။

mgyoe.com

mgyoe.com


ဈာပနအခမ်းအနားအပြီးတွင် ကျွန်တော့်ဘဝ ပြောင်းလဲသွားသည်။ အချိန်တွေသည် နေ့ချင်းညချင်း တန်ဖိုးရှိလာသည်ဟု ကျွန်တော် ခံစားလာရသည်။ ရေမြောင်းတစ်လျှောက် ရေတွေ ဒလဟော စီးဆင်းနေသည်။ ကျွန်တော်က လိုအပ်သလောက် လျင်မြန်သွက်လက်စွာ မလှုပ်ရှားနိုင်။ သည်တော့ လူ ကျိုးတိုးကျဲတဲသာရှိသည့် ညဥ့်ကလပ်တွေမှာ စန္ဒရားတီးမနေတော့။ ဘယ်သူကမျှ တန်ဖိုးထား နားထောင်ခြင်းမပြုသည့် သီချင်းတွေကို အခန်းထဲမှာ တကုပ်ကုပ် ရေးမနေတော့။

ကျောင်းသို့ ပြန်သွားသည်။ သတင်းစာပညာဖြင့် မဟာဝိဇ္ဇာဘွဲ့ယူသည်။ ပထမဆုံး ကမ်းလှမ်းခြင်းခံရသည့် အလုပ်ကို လက်ခံသည်။ အားကစားဆောင်းပါးရှင်။ ကိုယ် အောင်မြင်ကျော်ကြားမှုနောက်သို့ လိုက်မည့်အစား အောင်မြင်ကျော်ကြားသော အားကစားသမားများအကြောင်း ရေးပြီး သူတို့၏ အောင်မြင်ကျော်ကြားမှုများ နောက်သို့ လိုက်သည်။ သတင်းစာတွေအတွက် တာဝန်ယူပြီး ဆောင်းပါးတွေရေးသည်။ မဂ္ဂဇင်းတွေအတွက် အလွတ်သဘော ရေးပေးသည်။ ကျွန်တော် စာတွေ တရကြမ်း ဖိရေးသည်။ အချိန်နာရီဆိုတာ မရှိ။ အကန့်အသတ်ဆိုတာ မရှိ။ မနက် အိပ်ရာမှ နိုးလာသည်နှင့် သွားတိုက်သည်။ ပြီးတော့ ညက ဝတ်ထားသည့် အဝတ်အစားများကိုပင် မလဲတော့ဘဲ လက်နှိပ်စက်ရှေ့မှာ ဝင်ထိုင်သည်။ ကျွန်တော့်ဦးလေးသည် ကော်ပိုရေးရှင်းတစ်ခုတွင် ဝင်ပြီး အလုပ်လုပ်ခဲ့သည်။ ထိုအလုပ်ကို သူမုန်းတီးခဲ့သည်။ တစ်နေ့လာလည်း သည်အလုပ်၊ တစ်နေ့လာလည်း သည်အလုပ်။ ဦးလေးလို ဘဝဆုံးမသွားဖို့ ကျွန်တော် သန္နိဋ္ဌာန်ချထားပါသည်။

ကျွန်တော်က နယူးယောက်မှသည် ဖလော်ရီဒါအထိ ခုန်ပျံကူးသန်းပြေးလွှား လှုပ်ရှားသည်။ မကြာမီအတွင်း ဒက်ထရွိုက်တွင်

mgyoe.com

mgyoe.com


အလုပ်တစ်ခု လုပ်သည်။ 'ဒက်ထရွိုက်ဖရီး သတင်းဌာန' တွင် အားကစား ဆောင်းပါးရှင် အလုပ်။ ဒက်ထရွိုက် မြို့သူမြို့သားတွေက အားကစားနှင့် ပတ်သက်လာလျှင် မတင်းတိမ် မရောင့်ရဲနိုင်လောက်အောင် ဝါသနာကြီးသူတွေ။ သူတို့မြို့တွင် ကြေးစားအားကစားအသင်းတွေ ရှိသည်။ ဘောလုံး၊ ဘတ်စကတ်ဘော၊ ဘေ့စ်ဘော၊ ဟော်ကီ။ သူတို့၏ ဝါသနာကြီးမှုသည် ကျွန်တော့်ရည်မှန်းချက်နှင့် အလောတော် ဖြစ်နေသည်။ နှစ်အနည်းငယ်အတွင်း ကျွန်တော်သည် အားကစားဆောင်းပါးများ ရေးရုံသာမဟုတ်တော့၊ အားကစားစာအုပ်တွေ ရေးဖြစ်သည်။ ရေဒီယိုမှ ဟောပြောချက်တွေ၊ ရုပ်မြင်သံကြား အစီအစဉ်များတွင် ပုံမှန်ဟောပြောချက်တွေ ပြုလုပ်ရသည်။ ချမ်းသာကြွယ်ဝသော ဘောလုံးအားကစားသမားများနှင့် ပတ်သက်သည့် ကျွန်တော့်ထင်မြင်ချက်တွေ၊ ဟိတ်ကြီးဟန်ကြီးနိုင်သော တက္ကသိုလ်အားကစား အစီအစဉ်တွေအပေါ် ကျွန်တော့်အမြင်တွေ။ ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံလုံးကို လွှမ်းမိုးနေသည့် လူထုဆက်သွယ်ရေး မုန်တိုင်းထဲတွင် ကျွန်တော်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်နေပြီ။ ခုတော့ ကျွန်တော့်ကို လိုလားတောင့်တသူတွေ ဝိုင်းဝိုင်းလည်နေပြီ။

ကျွန်တော် ငှားရမ်းခြင်းတွေ ရပ်လိုက်၏။ ဝယ်ယူခြင်းတွေ စတင်၏။ တောင်ကုန်းတစ်လုံးပေါ်က အိမ်တစ်လုံးကို ဝယ်သည်။ မော်တော်ကားတွေ ဝယ်သည်။ စတော့ရှယ်ယာတွေ ဝယ်ပြီး ရင်းနှီးမြှုပ်နှံသည်။ ဤသို့ဖြင့် ငွေကြေးအရင်းအနှီးများ စုဆောင်းသည်။ ခုဆိုကျွန်တော်က နံပါတ်ငါးဂီယာကို ထိုးထားပြီ။ ကျွန်တော် လုပ်ဆောင်သမျှအရာရာတိုင်းကို အချိန်ကန့်သတ်ချက်ဖြင့် သေပြေးရှင်ပြေး လုပ်သည်။ နတ်မိစ္ဆာတစ်ပါးလို ကျင့်ကြံသည်။ မော်တော်ကားကို မတော်မတရား အမြန်နှုန်းဖြင့် မောင်းသည်။ ငွေတွေ သောက်သောက်လဲ ရသည်။

mgyoe.com

mgyoe.com


ကျွန်တော် စိတ်ကူးယဉ် မျှော်မှန်းထားသည်ထက်ကို ပိုပြီး ရသည်။ ဆံပင်အနက်ရောင်ရှိသည့် မိန်းမတစ်ယောက်နှင့် တွေ့သည်။ သူ့နာမည်က ဂျန်နင်။ ကျွန်တော်က ကိုယ့်အစီအစဉ်တွေနှင့် ကိုယ် လက်မလည်အောင် အလုပ်များသူ။ သူ့အနားမှာ တစ်ဖြုတ်မျှ နေနိုင်သူ မဟုတ်။ သို့တိုင် သူက ကျွန်တော့်ကို ချစ်နိုင်သည်။ ကျွန်တော်တို့နှစ်ယောက် ခုနစ်နှစ်လောက် တွဲခဲ့ပြီးနောက် လက်ထပ်လိုက်သည်။ မင်္ဂလာဆောင်ပြီး သီတင်းတစ်ပတ်အကြာတွင် ကျွန်တော် လုပ်ငန်းခွင်သို့ ပြန်ဝင်သည်။ တစ်နေ့နေ့မှာတော့ ကျွန်တော်တို့ မိသားစုဘဝကို စတင် တည်ထောင်ကြမည်ဟု ကျွန်တော် သူ့ကို ပြောသည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြောသည်။ သို့သော် ထိုနေ့သည် ဘယ်တော့မျှ ရောက်မလာ။

ထိုနေ့အစား ကျွန်တော့်ကိုယ် ကျွန်တော် အောင်မြင်မှုတွေထဲမှာ နှစ်မြှုပ်ထားသည်။ အဘယ်ကြောင့်ဆိုသော် အောင်မြင်မှုများ ရနေလျှင် ဘဝ အရေးအခင်းများကို ထိန်းချုပ်နိုင်မည်ဟု ကျွန်တော် ယုံကြည်သောကြောင့် ဖြစ်၏။ အောင်မြင်မှုများရနေလျှင် ကျွန်တော့်ဦးလေးလို နာဖျားပြီး မသေမီအတွင်း ရနိုင်သမျှသော ပျော်ရွှင်မှုများကို ညှစ်ထုတ် ရယူခံစားနိုင်မည်ဟု ယူဆသောကြောင့် ဖြစ်၏။ တကယ်တော့ အောင်မြင်မှုများ ရနေခြင်းမှာ ကျွန်တော်၏ ဘဝပေးကုသိုလ်ပင် မဟုတ်ပါလား။

သည်တော့ မော်ရီနှင့် ပတ်သက်လို့ရော။

ဟုတ်ကဲ့၊ သူ့အကြောင်း မကြာမကြာဆိုသလို စဉ်းစားမိပါသည်။ သူ သင်ကြားပေးခဲ့သည့် 'လူသားဖြစ်ရခြင်း' နှင့် 'အခြားသူများနှင့် ဆက်နွှယ်ပတ်သက်ခြင်း' လို အကြောင်းအရာမျိုးတွေ။ သို့သော် စဉ်းစားလိုက်တိုင်း ထိုအကြောင်းအရာတွေက အမြဲလို အလှမ်းကွာနေသည်။ မှုန်ဝါးနေသည်။ အခြားဘဝတစ်ခုတုန်းက အဖြစ်သနစ်တွေလို။

mgyoe.com

mgyoe.com



သည်နှစ်တွေ အတောအတွင်း ဘရန်ဒီးစ်တက္ကသိုလ်မှ လာသည့် စာတွေကို ကျွန်တော် လွှင့်ပစ်ခဲ့သည်။ သည်စာတွေသည် ငွေကြေးအလှူခံသည့် စာတွေ သက်သက်ဟု မှတ်ယူခဲ့သည်။ သည်တော့ မော်ရီ၏ ရောဂါအကြောင်းကိုလည်း ကျွန်တော် မသိခဲ့။ မော်ရီ့အကြောင်း ကျွန်တော့်ကို ပြောပြမည့်သူများကို ကျွန်တော် မေ့မေ့လျော့လျော့ စွန့်ပယ်ထားခဲ့သည်မှာ ကြာပြီ။ သူတို့၏ ဖုန်းနံပါတ်တွေကတော့ အထပ်ခိုးကလေးပေါ်မှာ တင်ထားသည့် စာရွက်စာတမ်းဟောင်းတွေ စုသိမ်းထားသော သေတ္တာထဲ ရောက်နေပြီ။

တစ်ည.... ရုပ်မြင်သံကြား ညဥ့်နှောင်းပိုင်း အစီအစဉ်များကို တစ်လိုင်းပြီးတစ်လိုင်း ပြောင်းဖမ်းပြီး လျှောက်ကြည့်နေမိ၏။ ကျွန်တော်သာ ထိုညက ထိုသို့ ရုပ်မြင်သံကြားလိုင်းတွေကို ပြောင်းဖမ်းပြီးမကြည့်မိလျှင် ကျွန်တော်သည် အထက်ပါဖော်ပြခဲ့သလိုပဲ ဆက်ပြီးနေထိုင်ကျင်လည်နေမိမည်ဖြစ်၏။ သို့သော် တစ်စုံတစ်ရာက ကျွန်တော့်နားထဲသို့ တိုးဝင်လာသောအခါတွင်မူ....။

□

mgyoe.com

mgyoe.com

# ရုပ်မြင်သံကြား

ဇိမ်ခံကားကြီး တစ်စီးသည် အေဘီစီ ရုပ်မြင်သံကြား ဌာန၏ 'ညဥ့်အစိအစဥ်' တွင် ညှော့ခံစကားပြောသူ တက်ကော့ပယ်လ်ကို တင်ဆောင်လာသည်။ အဆိုပါ ကားကြီးသည် မက်ဆာချူးဆက်ပြည်နယ်၊ ဝက်စ်နယူတန်မြို့၊ မော်ရီအိမ်ရှေ့ နှင်းဖုံးနေသော ကားရပ်နားရန်နေရာတွင် ထိုးရပ်လိုက်သည်။

ယခုဆိုလျှင် မော်ရီသည် ဘီးတပ်ကုလားထိုင်ကို အချိန်ပြည့် သုံးနေရပြီ ဖြစ်၏။ ကူဖော်လောင်ဖက်များက သူ့အား လေးလံသော အိတ်ကြီးတစ်အိတ်လို ကုလားထိုင်ပေါ်မှ အိပ်ရာဆီသို့၊ အိပ်ရာဆီမှ ကုလားထိုင်ဆီသို့ သယ်ပိုးရွှေ့ပေးခြင်းကို ကျင့်သားရနေပြီ။ ယခုအခါ အစာစားလျှင် ချောင်းဆိုးတတ်လာသည်။ အစားအစာကို တမြုံ့မြုံ့ ဝါးစားရခြင်းသည် သူ့အတွက် နေ့စဥ် ဆောင်ရွက်ရသည့် တာဝန်ကြီး ဖြစ်နေသည်။ သူ့ခြေထောက်တွေက သေသွားပြီ။ သူပြန်ပြီး လမ်းလျှောက်နိုင်မည် မဟုတ်တော့။

သို့တိုင် သူက စိတ်ဓာတ်မကျ။ ထို့အစား မော်ရီသည် အတွေးအခေါ်များ ထုတ်လုပ်ရာဌာနကြီး ဖြစ်နေသည်။ သူက သူ့အတွေးတွေကို

mgyoe.com

mgyoe.com



လက်လှမ်းမီရာ စာရွက်စာတမ်းများပေါ်တွင် ချရေးထားသည်။ အဝါရောင် မှတ်စု စာအုပ်ကလေးထဲမှာ၊ စာအိတ်တွေပေါ်မှာ၊ ဖိုင်တွဲတွေပေါ်မှာ၊ စာရွက် အတိုအစတွေပေါ်မှာ။ သူက သေခြင်းတရား၏ အရိပ်မိုးမှု အောက်မှာ နေထိုင်ရခြင်းနှင့် ပတ်သက်သည့် အတွေးအမြင်များကို တိုတိုတုတ်တုတ် ရေးသားသည်။

'သင် ပြုလုပ်နိုင်စွမ်းရှိသည့် အရာနှင့် သင် ပြုလုပ်နိုင်စွမ်းမရှိသည့် အရာကို လက်သင့်ခံပါ'

'အတိတ်ကို မပယ်ပါနှင့်။ မစွန့်ပစ်ပါနှင့်။ အတိတ်ကို အတိတ်အဖြစ် လက်သင့်ခံပါ'

'သင့်ကိုယ်သင် ခွင့်လွှတ်ဖို့နှင့် အခြားသူများကို ခွင့်လွှတ်ဖို့ သင်ယူဆည်းပူးပါ'

'ပါဝင်ပတ်သက်ဖို့ အချိန်နှောင်းလွန်းနေပြီဟု မမှတ်ယူပါနှင့်'

သိပ်မကြာလိုက်ပါ။ ထိုကဲ့သို့သော အဆိုအမိန့်တွေ ငါးဆယ်ကျော် ရလာသည်။ ဒါတွေကို သူက သူ့မိတ်ဆွေများကို ပြသည်။ မိတ်ဆွေတစ်ဦးဖြစ်သော ဘရန်ဒီးစ်တက္ကသိုလ်ပါမောက္ခ မောရီစတိန်းက သူ့ အဆိုအမိန့်တွေကို သဘောကျ နှစ်ခြိုက်လွန်းသဖြင့် 'ဘော့စတွန်ဂလုပ်'သတင်းစာမှ သတင်းထောက်တစ်ဦးထံ ပို့ပေးလိုက်၏။ အဆိုပါ သတင်းထောက်က မော်ရီအကြောင်းကို သတင်းဆောင်းပါးရှည်ကြီး ရေးသားဖော်ပြလိုက်သည်။ ဆောင်းပါးခေါင်းစဉ်မှာ **ပါမောက္ခတစ်ဦး၏ နောက်ဆုံး သင်ကြားပို့ချချက်..... သူကိုယ်တိုင် သေဆုံးခြင်းအကြောင်း** ဟူ၏။

၎င်းဆောင်းပါးကို 'ညဥ့်အစီအစဉ်'စီစဉ်ထုတ်လုပ်ရေးမှူးတစ်ဦးက ဖတ်မိသည်။ ထိုအခါ သူက ဝါရှင်တန်ဒီစီတွင် နေထိုင်သည့် ကော့ပယ်လ်ထံသို့ ယူသွားပြီး ပြသည်။

mgyoe.com

mgyoe.com


"ဒီဆောင်းပါးကို နည်းနည်းလောက် ဖတ်ကြည့်ပါ' ဟု စီစဉ်ထုတ်လုပ်ရေးမှူးက ပြောသည်။

ထို့နောက်မှာတော့ သင် သိသည့်အတိုင်း မော်ရီ့အိမ် ဧည့်ခန်းထဲသို့ ရုပ်မြင်သံကြား ရိုက်ကူးရေးအဖွဲ့သားတွေ ရောက်နေတော့၏။ ပြီးတော့ အိမ်ရှေ့တွင် ကော့ပယ်လ်၏ ဇိမ်ခံကားကြီး ရပ်ထားသည်။

မော်ရီ၏ မိတ်ဆွေ အတန်အသင့်နှင့် အိမ်သူအိမ်သားများက ကော့ပယ်လ်အား ကြိုဆိုရန် စုရုံးနေကြသည်။ အောင်မြင်ကျော်ကြားသော ပုဂ္ဂိုလ်ကြီး အိမ်ထဲဝင်လာတော့ သူတို့အားလုံး စိတ်လှုပ်ရှားနေကြသည်။ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြသည်။ ထိုအထဲတွင် မော်ရီမပါ။ သူက သူ၏ ဘီးတပ်ကုလားထိုင်ကို ရှေ့ဘက်သို့ လှိမ့်သွားသည်။ မျက်ခုံးတွေ ချီလိုက်သည်။ ပြီးတော့ သူ၏ သံရှိန်မြင့်ပြီး သာယာသော အသံဖြင့် အုတ်အုတ်ကျက်ကျက် အသံတွေကို ထိုးဖောက်လိုက်၏။

"တက်၊ ဒီတွေ့ဆုံခန်းကို ကျုပ် သဘောတူ လက်မခံမီ မောင်ရင်နဲ့ စကားနည်းနည်းပြောဖို့ လိုမယ်ဗျ"

တစ်ခန်းလုံး ကြောင်အမ်းအမ်းဖြစ်ပြီး တိတ်ဆိတ်သွားသည်။ ထို့နောက် ပုဂ္ဂိုလ်နှစ်ဦးကို စာကြည့်ခန်းထဲသို့ ခေါ်သွားကြသည်။ တံခါးကို ပိတ်ထားသည်။

"အင်း...တက်က မော်ရီကို ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံပါစေလို့ ဆုတောင်းရမှာပဲ"

စာကြည့်ခန်း တံခါးအပြင်ဘက်ရှိ မိတ်ဆွေတစ်ဦးက ပြောသည်။

"ကျုပ်ကတော့ မော်ရီက တက်ကို ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံပါစေလို့ ဆုတောင်းတာပဲ"

တခြား မိတ်ဆွေတစ်ဦးက ပြောသည်။

စာကြည့်ခန်းထဲတွင်မူ ကော့ပယ်လ်အား ထိုင်ပါရန် မော်ရီက

mgyoe.com

mgyoe.com


မကြာမီအတွင်း ညည့်ခန်းထဲရှိ မီးလင်းဖိုရှေ့တွင် ကင်မရာတွေ တဝီဝီ လည်ပတ်နေပြီ ဖြစ်၏။ ကော့ပယ်လ်က သပ်ရပ်လတ်ဆတ်သော အပြာရောင်ဝတ်စုံနှင့်။ မော်ရီကတော့ မီးခိုးရောင်ဆွယ်တာ ပွပွကြီးကို ဝတ်လျက်။ သည်လူတွေ့ မေးမြန်းခန်းတွင် အရိုက်ခံဖို့အတွက် လှလှပပ အဝတ်အစားတွေ ဝတ်ဆင်ဖို့မလိုဟု သူက ပြောသည်။ ထို့ပြင် မျက်နှာကို မိတ်ကပ်လိမ်းခြယ်ဖို့လည်း ငြင်းဆိုသည်။ သူ၏ အတွေးအမြင်မှာ သေခြင်းတရားသည် စိတ်အနှောင့်အယှက်ဖြစ်ရမည့် ကိစ္စမဟုတ်။ သည်တော့ သေခြင်းတရားကို လှလှပပဖြစ်အောင် ပေါင်ဒါဖို့ပေးနေဖို့ မလိုဟူ၍ ဖြစ်၏။

မော်ရီက ဘီးတပ်ကုလားထိုင်ပေါ်တွင် ထိုင်နေသည့်အတွက် ကင်မရာ ရိုက်ချက်များသည် အကြောသေနေပြီဖြစ်သည့် သူ့ခြေထောက်များဆီသို့ မရောက်။ ထို့ပြင် သူ့လက်တွေကို လှုပ်ရှားနေနိုင်သေးသည့်အတွက် မော်ရီက လက်နှစ်ဖက်စလုံးကို ဝှေ့ကာ ယမ်းကာဖြင့် စကားပြောသည်။ ဘဝနေဝင်ချိန်ကို ဘယ်လို ရင်ဆိုင်သင့်သလဲ ဆိုသည့် အကြောင်း ရှင်းပြသောအခါ သူ့မျက်နှာပေါ်တွင် ပြင်းပြသော စိတ်အား ထက်သန်မှုတွေ ထင်ဟပ်နေ၏။

"တက်၊ ဒီကိစ္စတွေ စပြီးဖြစ်လာတော့ ကျုပ်ကိုယ်ကျုပ် မေးကြည့်တယ်။ 'တခြားလူအများစု ကျင့်ကြံသလို ငါရော ဒီကမ္ဘာလောကကြီးနဲ့ ကင်းကင်းကွာကွာ နေတော့မလား။ ဒါမှမဟုတ် ဆက်ပြီး ရှင်သန်နေထိုင်မလား' ပေါ့၊ ကျုပ် ဆုံးဖြတ်လိုက်တယ်လေ။ ငါ ဆက်ပြီး ရှင်သန်နေထိုင်မယ်လို့။ ယုတ်စွအဆုံး ကျင်လည်နေထိုင်နိုင်အောင် ကြိုးစားမယ်ပေါ့။ ကျုပ် ကျင်လည်နေထိုင်ချင်တဲ့နည်းက သိက္ခာရှိရှိ၊ သတ္တိရှိရှိ၊ ရွှင်မြူးမှု ရှိရှိ၊ ဣန္ဒြေရှိရှိနဲ့ပေါ့ဗျာ။"

"တချို့ မနက်တွေဆို ကျုပ် ငိုတယ်..... ငိုတယ်..... ကျုပ်ဘဝ ကျုပ်တွေးပြီး ပူဆွေးသောက ဖြစ်မိတယ်။ တချို့မနက်တွေမှာတော့

mgyoe.com

mgyoe.com


စိတ်တွေ အရမ်းဆိုးပြီး ခါးသီး နာကြည်းနေမိတယ်။ ဒါပေမဲ့ အဲဒီလို ဖြစ်တာ သိပ်အကြာကြီး မဟုတ်ပါဘူး။ အဲဒီနောက်မှာတော့ ကျုပ် အိပ်ရာက ထပြီး ပြောမိတယ်။ 'ငါ လောကကြီးမှာ ကျင်လည် နေထိုင် ချင်သေးတယ်.....' လို့။"

"အခုချိန်ထိတော့ ကျုပ် အဲဒီလို ကျင်လည်နေထိုင်နိုင်စွမ်း ရှိသေးတယ်။ ဒီအတိုင်း ဆက်ပြီးနေထိုင်နိုင်စွမ်း ရှိဦးမလား မပြောတတ်ဘူး။ ဒါပေမဲ့ ကျုပ်ကိုကျုပ် လောင်းကြေးထပ်ထားပါတယ်.... ဒီအတိုင်း ဆက်ပြီးနေထိုင်နိုင်ရမယ်လို့"

ကော့ပယ်လ်သည် မော်ရီကို အတော်ကြီး သဘောကျနေပုံ ရ၏။ သူက သေခြင်းတရားကြောင့် ဖြစ်ပေါ်လာရသည့် ချို့တဲ့မှုများ အကြောင်း မေးသည်။

"အဲ..... ဖရက်....."

မော်ရီ အမှုမဲ့ အမှတ်မဲ့ ပြောလိုက်၏။ ပြီးမှ သူ့စကားသူ ကမန်း ကတန်း ပြန်ပြင်သည်။

"ကျုပ် တက်လို့ ခေါ်တာပါ....."

"ဟော၊ အဲဒါကိုကပဲ ချို့တဲ့မှုတွေ ဖြစ်ပေါ်လာတာပဲပေါ့"

ကော့ပယ်လ်က ရယ်မောလျက် ပြောသည်။

သူတို့နှစ်ယောက် တမလွန်ဘ၀အကြောင်း ပြောကြသည်။ အခြားလူတွေအပေါ် တစ်စထက်တစ်စ ပိုပြီး မှီခိုအားထားနေသည့် မော်ရီ့ အခြေအနေအကြောင်း ပြောကြသည်။ ယခုဆိုလျှင် သူသည် အစား စားရာမှာလည်းကောင်း၊ ထိုင်ရာမှာလည်းကောင်း၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းရာမှာလည်းကောင်း အခြားသူ၏ အကူအညီကို ယူနေရပြီ ဖြစ်၏။ ယခုကဲ့သို့ တရိရိ တအိအိဖြင့် ကိုယ်တွင်း ယိုယွင်း ပျက်စီးနေခြင်းကြောင့် မော်ရီအနေဖြင့် ဘာကို အစိုးရိမ် အကြောက် လန့်ဆုံးပါလဲဟု ကော့ပယ်လ်က မေးသည်။

mgyoe.com

mgyoe.com


မေရီ တစ်ဖြုတ်မျှ ဆိုင်းနေသည်။ သူပြောမည့် အကြောင်းကို ရုပ်မြင်သံကြားထဲမှာ ပြောလို့ ဖြစ်ပါ့မလားဟု သူက မေးသည်။

ကော့ပယ်လ်က ပြောသာပြောပါဟု ပြောသည်။

မော်ရီက အမေရိကတွင် နာမည်အကြီးဆုံး တွေ့ဆုံမေးမြန်းသူ ကော့ပယ်လ်၏ မျက်လုံးတွေကို တည့်တည့် စိုက်ကြည့်လိုက်၏။

"အဲ..... တက်၊ မကြာတော့တဲ့ တစ်နေ့မှာ တစ်ယောက်ယောက်က ကျုပ်ကို အီးအီးကုန်းပေးရမှာကိုပဲဗျ"

*

အစီအစဉ်ကို သောကြာညတွင် ထုတ်လွှင့်သည်။ ဝါရှင်တန်ရုံးခန်းရှိ စာရေးစားပွဲကြီးနောက်မှာ ထိုင်နေသည့် တက်ကော့ပယ်လ်၏ ပုံဖြင့် အစီအစဉ်ကို စသည်။ ဩဇာအာဏာ ပြည့်ဝသော သူ့အသံသည် ဟိန်းထွက်လာသည်။

"မော်ရီရွာ့ဇ်ဆိုတာ ဘယ်သူလဲ။ နောက်ပြီး ဒီညကုန်ဆုံးချိန်မှာ လူအတော်များများက သူ့အကြောင်းကို ဘာကြောင့် အရေးတယူ ဂရု တစိုက် ဖြစ်လာကြမှာလဲ"

မိုင်ပေါင်း တစ်ထောင်လောက် ဝေးကွာသည့် နေရာ၊ တောင်ကုန်း ပေါ်ရှိ ကျွန်တော့်အိမ်ထဲတွင် ကျွန်တော်က ရုပ်မြင်သံကြားလိုင်းများကို ပေါ့ပေါ့တန်တန်ဖြင့် တစ်လိုင်းပြီးတစ်လိုင်း လျှောက်ဖမ်းနေသည်။ ရုပ်မြင်သံကြားစက်ထဲမှ ထွက်ပေါ်လာသည့် သည်စကားလုံးများကို ကျွန်တော် ကြားလိုက်ရသည်။

"မော်ရီရွာ့ဇ်ဆိုတာ ဘယ်သူလဲ"

ကျွန်တော် မလှုပ်နိုင် မရှားနိုင် ဖြစ်သွားသည်။

*

mgyoe.com

mgyoe.com


သူ့သင်တန်းမှာ ကျွန်တော် ပထမဦးဆုံး စတက်ရတာ ၁၉၇၆ ခုနှစ်၊ နွေဦးပေါက်မှာပေါ့။ မော်ရီရဲ့ ဇရာမရုံးခန်းကြီးထဲ ကျွန်တော် ဝင်သွားတယ်။ နံရံပေါ်မှာ တစ်စင်ပြီးတစ်စင် တန်းစီနေတဲ့ စာအုပ်စင်တွေထဲက မရေမတွက်နိုင်အောင် များပြားလှတဲ့ စာအုပ်တွေကို ကျွန်တော် သတိထားလိုက်မိတယ်။ လူမှုဗေဒ၊ ဒဿနိကဗေဒ၊ ဘာသာရေး၊ စိတ္တဗေဒနဲ့ ပတ်သက်တဲ့ စာအုပ်တွေ။

သစ်မာသား ကြမ်းခင်းပေါ်မှာ ကော်ဇောကြီးတစ်ချပ် ခင်းထားတယ်။ တက္ကသိုလ်ပရိဝုဏ်ထဲက လမ်းတစ်လမ်းကို လှမ်းမြင်နေရတဲ့ ပြတင်းပေါက်တစ်ပေါက်လည်း ရှိသည်။ မှတ်စုစာအုပ်တွေနဲ့ သင်ရိုးမာတိကာတွေကို ဟိုလှန်ဒီလှန် လုပ်နေတဲ့ ကျောင်းသူ ကျောင်းသားတွေကတော့ စုစုပေါင်းမှ တစ်ဒါဇင်လောက်ပဲ ရှိလေရဲ့။ အများစုက ဂျင်းဘောင်းဘီ၊ လည်ရှည်ရှူးဖိနပ်နဲ့ ရောင်စုံကွက်ကြား ဖလန်နယ်ရှပ်အင်္ကျီတွေ ဝတ်ထားကြတယ်။ ဒီလောက် စာသင်သားနည်းတဲ့ အတန်းမှာ ငါ အတန်းလစ်လို့တော့ သိပ် မလွယ်ဘူးလို့ ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ အင်း၊ ဒီဘာသာရပ်ကို မယူရင် ကောင်းမလားပဲ။

"မစ်ချယ်"

မော်ရီက အတန်းသားစာရင်းကို ကြည့်ပြီး ခေါ်တယ်။

ကျွန်တော် လက်တစ်ဖက် မြှောက်လိုက်တယ်။

"မင်းက မစ်ချ်လို့ ခေါ်တာကို ပိုကြိုက်သလား။ ဒါမှမဟုတ် မစ်ချယ်ကို ပိုပြီး သဘောကျသလား"

ဒီမေးခွန်းမျိုး ကျွန်တော့်ကို ဆရာတစ်ယောက်က တစ်ခါမှ မမေးခဲ့ဘူးပါ။ အဝါရောင် လည်ထောင်အင်္ကျီနဲ့ အစိမ်းရောင် ဇင်ဘောင်းဘီ ဝတ်ထားတဲ့ အဲဒီငနဲကြီးကို ကျွန်တော် သေသေချာချာ အကဲခတ်ကြည့်လိုက်တယ်။ ငွေရောင်ဆံပင်တွေက နဖူးပေါ်မှာ ဝဲကျလို့။ သူက ပြုံးနေတယ်လေ။

mgyoe.com

mgyoe.com


မစ်ချ်။ ကျွန်တော် ပြောလိုက်တယ်။ သူငယ်ချင်းတွေက ကျွန်တော့်ကို ဒီလိုပဲ ခေါ်ကြတယ်။

"အေး...၊ ဒါဆိုလည်း မစ်ချ်ပေါ့ကွာ"

ကိစ္စတစ်ခုကို အပြတ်ဖြတ်လိုက်တဲ့ပုံနဲ့ မော်ရီက ပြောတယ်။

"ဒါနဲ့ မစ်ချ်ရေ"

"ဟုတ်ကဲ့ ခင်ဗျာ"

"တစ်နေ့နေ့မှာတော့ ငါ့ကို မင့်သူငယ်ချင်းလို့ မင်း ယူဆလာမယ်လို့ မျှော်လင့်ပါတယ်ကွာ"

□

mgyoe.com

mgyoe.com

# နေရာမှန်ကို ရှာဖွေခြင်း

ဘော့စတွန်မြို့၏ တိတ်ဆိတ်သော ဆင်ခြေဖုံးရပ်ကွက်ဖြစ်သည့် ဝက်စ်နယူတန်ရှိ မော်ရီ့အိမ်ရှိသည့် လမ်းထဲသို့ ငှားထားသည့်ကားကို ချိုးကွေ့ဝင်လိုက်၏။ ထိုအချိန်တွင် ကျွန်တော့်လက်ထဲမှာ ကော်ဖီ တစ်ခွက်ရှိသည်။ နားနှင့် ပခုံးကြားမှာ ဆယ်လူလာဖုန်းတစ်လုံး ညှပ်ထားပြီး ရုပ်မြင်သံကြား အစီအစဉ် ထုတ်လုပ်ရေးမှူးတစ်ဦးနှင့် ကျွန်တော်တို့ ပူးပေါင်း လုပ်ကိုင်ထားသည့် အစီအစဉ်တစ်ခုအကြောင်း ပြောနေသည်။ အိမ်အပြန်ခရီးအတွက် ကျွန်တော်စီးမည့် လေယာဉ်ပျံက နာရီအနည်းငယ်အတွင်း ထွက်မည်။ ကျွန်တော့်မျက်လုံးတွေသည် ဒစ်ဂျစ်တယ်နာရီကို ကြည့်လိုက်၊ သစ်ပင်တွေ တန်းစီစိုက်ထားသည့် လမ်းထဲမှ စာဘူးနံပါတ်များကို ကြည့်လိုက်။ ကားထဲမှာ တပ်ဆင်ထား သည့် ရေဒီယိုကို ဖွင့်ထားသည်။ သတင်းတွေချည်း တောက်လျှောက် အသံလွှင့်သည့် ဌာနကို ဖမ်းထားသည်။ ဤကား ကျွန်တော် အလုပ် လုပ်ပုံလုပ်နည်း။ တစ်ချိန်တည်း အလုပ်ငါးလုပ်။

"တိပ်ခွေကို ပြန်ရစ်လိုက်ဦး။ အဲဒီအပိုင်းကလေးကို ကျွန်တော် ထပ်ပြီး နားထောင်ကြည့်ပါရစေဦး"

mgyoe.com

mgyoe.com


ထုတ်လုပ်ရေးမှူးအား ကျွန်တော် ပြော၏။

"ကောင်းပြီ၊ ခဏလေးစောင့်"

ကျွန်တော်ရှာနေသည့် အိမ်ကို ဗြုန်းခနဲ တွေ့လိုက်ရ၏။ ဘရိတ်ကို ဆောင့်နင်းလိုက်သည်။ ပေါင်ခွင်ပေါ်သို့ ကော်ဖီတွေ ဖိတ်စင်ကျကုန်သည်။ မော်တော်ကား ရပ်သွားမှ မေပယ်ပင်ကြီးတစ်ပင်ကို မြင်လိုက်ရသည်။ အပင်ကြီး၏ နံဘေး၊ ကားဝင်လမ်းပေါ်မှာတော့ လူသုံးယောက် ထိုင်နေသည်။ ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်နေသည့် သေးသေးညှက်ညှက် အဘိုးကြီး၏ နံဘေးတစ်ဖက်တစ်ချက်တွင် လူငယ်တစ်ယောက်နှင့် သက်လတ်ပိုင်းအရွယ် မိန်းမတစ်ယောက်။

မော်ရီ။

ကျွန်တော့်ပါမောက္ခအိုကြီးကို မြင်လိုက်ရသောအခါ ကျွန်တော် တောင့်တောင့်ကြီး ဖြစ်သွားသည်။

"ဟယ်လို၊ ဖုန်းလိုင်းပြတ်သွားပြီလား....."

ထုတ်လုပ်ရေးမှူးက ကျွန်တော့်နားထဲသို့ ပြောနေသည်။

ဆရာကြီးကို မတွေ့ခဲ့ရတာ ၁၆ နှစ်ရှိပြီ။ အားလုံး ဖြူဖွေးတော့မည့် ဆဲဆဲဖြစ်သည့် သူ့ဆံပင်တွေ ပိုပြီး ပါးသွားသည်။ မျက်နှာက ချုံးကျနေသည်။ ယခုလို ဆရာကြီးနှင့် ပြန်လည်ဆုံတွေ့ဖို့ ကျွန်တော့်ဘက်က အသင့်မရှိသေးသည့်နှယ် ခံစားလိုက်ရ၏။ ကျွန်တော် တယ်လီဖုန်းဆက်နေသည့် ကိစ္စ မပြတ်သေးတာကြောင့်လည်း တစ်ကြောင်း ဖြစ်၏။ ကျွန်တော်ရောက်လာတာ ဆရာကြီး သတိမပြုမိလျှင် ကောင်းမည်။ သို့ဆိုလျှင် ဆရာကြီးတို့၏ လမ်းဖြတ်ကို အကြိမ်အနည်းငယ်လောက် ကားပတ်မောင်းနေမည်။ ကျွန်တော့်အလုပ်ကိစ္စကို ဖြတ်မည်။ ဆရာကြီးနှင့် ဆုံတွေ့ဖို့ စိတ်ဓာတ်ရေးရာအရ အသင့်ဖြစ်အောင် ပြင်ဆင်ရမည်။ သို့သော် တစ်ချိန်တစ်ခါတုန်းက ကျွန်တော် ကျွမ်းဝင်ရင်းနှီးခဲ့သည့်

mgyoe.com

mgyoe.com


ဆရာကြီး မော်ရီ။ ယခု တရိရိ ကြွေနေပြီဖြစ်သော အသွင်ပြောင်းပါမောက္ခကြီးက ကျွန်တော့်ကားကို ကြည့်ပြီး ပြုံးနေသည်။ သူ့လက်တွေကို ပေါင်ခွင်ပေါ်မှာ တင်ပြီး ကျွန်တော် ကားထဲမှ ထွက်အလာကို ငံ့လင့်နေသည်။

"ဟေး... ခင်ဗျား လိုင်းပေါ်မှာ ရှိနေသေးရဲ့လား"

ထုတ်လုပ်ရေးမှူးက ပြောသည်။

ကျွန်တော်တို့ နှစ်ယောက်အတူ တရင်းတနှီးနေခဲ့သည့် အချိန်များကို သတိရသောအားဖြင့်၊ ကျွန်တော် ငယ်နုစဉ်က ကျွန်တော့်အပေါ် မော်ရီထားရှိခဲ့သော အကြင်နာတရားနှင့် စိတ်ရှည် သည်းခံမှုများကို တန်ဖိုးထားသောအားဖြင့် ယခုအချိန်တွင် ကျွန်တော့်လက်ထဲတွင် တယ်လီဖုန်းကို ပစ်ချလိုက်သင့်၏။ ပြီးတော့ ကားထဲမှ ခုန်ဆင်းပြီး ဆရာကြီးဆီသို့ ပြေးကာ သူ့အား ပွေ့ဖက်သင့်၏။ သူ့အား နမ်းရှုပ်နှုတ်ဆက်သင့်၏။

ထိုသို့ ပြုမည့်အစား ကျွန်တော်က မော်တော်ကားကို စက်သတ်သည်။ ပြီးတော့ တစ်စုံတစ်ရာကို ရှာဖွေသည့်ဟန်ဖြင့် ထိုင်ခုံပေါ်မှာပင် ကိုယ်ကို ဝပ်ချလိုက်၏။

"အင်း..... အင်း၊ ကျွန်တော် နားထောင်နေပါတယ်"

ကျွန်တော် တိုးတိုးကလေး ပြောသည်။ ပြီးတော့ ကျွန်တော်တို့ ကိစ္စ ပြတ်သည်အထိ ရုပ်မြင်သံကြားအစီအစဉ် ထုတ်လုပ်ရေးမှူးနှင့် စကားပြောသည်။

ကျွန်တော်က ကျွန်တော် အကျွမ်းကျင်ဆုံး အလုပ်တစ်ခုကို ပြီးပြတ်အောင် လုပ်လိုက်ပြီ။ သေတော့မည့်ဆဲဆဲ ကျွန်တော့် ပါမောက္ခကြီးက သူ့အိမ်ရှေ့မှာ ထိုင်ပြီး ကျွန်တော့်ကို စောင့်နေသည့်တိုင် ကျွန်တော်က ကိုယ့်အလုပ်ကိုယ် ပြီးအောင် ဆောင်ရွက်လိုက်သည်။

mgyoe.com

mgyoe.com


သည်အတွက် ကျွန်တော် ဂုဏ်မယူပါ။ လက်မ မထောင်ပါ။ သို့သော် ကျွန်တော် ပြုမူလိုက်သည်ကတော့ ထိုအတိုင်းပဲ ဖြစ်ပါသည်။

ယခု၊ နောက်ငါးမိနစ်အကြာတွင်မူ မော်ရိက ကျွန်တော့်အား ပွေ့ဖက်ထားသည်။ ပါးလျားနေပြီဖြစ်သော သူ့ဆံပင်တွေက ကျွန်တော့် ပါးပြင်နှင့် ပွတ်တိုက်နေသည်။ ကျွန်တော်သည် သော့များကို ရှာဖွေနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကားထဲတွင် အချိန် သိပ်ကြာသွားခြင်း ဖြစ်ကြောင်း ပြောပြသည်။ ပြီးတော့ ဆရာကြီးကို ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်လိုက်၏။ သည်လို လုပ်လိုက်လျှင်ပဲ ကျွန်တော့်၏ မုသားစကားလေးတွေ ကြေမွပျောက်ကွယ် သွားတော့မည့်အလား။

နွေဦးပေါက်မို့ ရာသီဥတုက နွေးသည်။ သို့တိုင် သူက အနွေးထည် ဂျာကင်အင်္ကျီ ဝတ်ထားသည်။ ခြေထောက်တွေပေါ်တွင် စောင်တစ်ထည် လွှမ်းထားသည်။ ဆေးကုမှု ခံယူနေရသည့် လူများထံမှ တစ်ခါတလေ ရတတ်သည့်အနံ့မျိုး သူ့ကိုယ်မှ ပျံ့သင်းနေသည်။ သူ့မျက်နှာကို ကျွန်တော့်မျက်နှာနှင့် ဖိကပ်ထားတော့ သူ အားစိုက်ရှူနေရသည့် အသက်ရှူသံကို ကျွန်တော် ကြားနေရသည်။

"ငါ့ကောင်ကြီး၊ နောက်ဆုံးတော့ မင်း ငါ့ဆီ ပြန်လာတယ်နော်"

သူ ကျွန်တော့်ကို ပွေ့ဖက်လှုပ်ယမ်းနေသည်။ ဖြေလျှော့ပေးခြင်းမပြု။ ကျွန်တော် ခါးကိုင်းလိုက်တော့ သူ့လက်တွေက ကျွန်တော့် တံတောင်ဆစ် နှစ်ဖက်ကို လှမ်းကိုင်သည်။ သည်လောက် နှစ်ကာလတွေ ခြားသွားသည့်တိုင် ကျွန်တော့်အပေါ် သည်လောက် သံယောဇဉ်ထားသေးကြောင်း တွေ့ရတော့ ကျွန်တော် အံ့သြနေမိသည်။ တစ်ချိန်တုန်းက ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ဘယ်လောက်ချစ်ပြီး ဘယ်လောက် သံယောဇဉ်ထားခဲ့ကြသည် ဆိုသည်ကို ကျွန်တော် အမေ့ကြီးမေ့နေခဲ့။ သြော်..... ကျွန်တော်က ကျွန်တော်၏ ပစ္စုပ္ပန်နှင့်အတိတ်ကို ကျောက်သား

mgyoe.com

mgyoe.com


တံတိုင်းကြီး တည်ဆောက်ပြီး ခြားနားထားခဲ့သည်ကိုး။ ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပသည့်နေ့ကို ကျွန်တော် သတိရမိ၏။ ပြီးတော့ လက်ဆွဲအိတ်ပြားကလေး၊ ကျွန်တော်နှင့် ခွဲခွာချိန်တွင် မြင်တွေ့ခဲ့ရသည့် သူ့မျက်ရည်များ။ လည်ချောင်းမှာ ဆို့တစ်လာသည့် အလုံးကြီးကို မျိုချလိုက်ရ၏။ ဘာကြောင့်ဆို ကျွန်တော်သည် ဆရာကြီးမှတ်မိနေသည့် ကျောင်းသားကလေးမဟုတ်တော့ကြောင်း ကိုယ့်ဘာသာကိုယ် သိနေသောကြောင့် ဖြစ်ပါသည်။ ကျွန်တော်သည် ဆရာကြီးကို လက်ဆွဲအိတ်ပြားကလေးဖြင့် ကန်တော့ခဲ့သည့် တပည့်ကောင်းကလေးတစ်ယောက် မဟုတ်တော့ပါချေ။

ကျွန်တော် တစ်ခုပဲ ဆုတောင်းမိပါသည်။ နောက်ထပ် နာရီ အနည်းငယ်လောက် ဆရာကြီးကို ကျွန်တော် ဆက်ပြီး လှည့်စားနိုင်ပါစေဟု။

အိမ်ထဲရောက်တော့ အိမ်နီးချင်းတစ်ဦး၏ အိမ်ကို လှမ်းမြင်နေရသည့် ပြတင်းပေါက်နားမှာရှိသည့် ဝက်သစ်ချသား ထမင်းစား စားပွဲကြီးမှာ ထိုင်ကြသည်။ မော်ရီက သူ့ဘီးတပ်ကုလားထိုင်ကို ဇီဇာချဲ့ပြီး အနေအထား ပြုပြင်နေသည်။ သူ နေထိုင်ရသက်သာအောင် လုပ်နေသည်။ ထုံးစံအတိုင်း ကျွန်တော့်ကို တစ်ခုခု ကျွေးချင်သေးသည်။ သည်တော့ ကျွန်တော်ကလည်း ခေါင်းညိတ်လက်ခံလိုက်သည်။ သူ့အိမ်ဖော်တွေထဲမှ ကော်နီဆိုသည့် ခပ်တောင့်တောင့် အီတာလျံအမျိုးသမီးတစ်ဦးက စားသောက်ဖွယ်ရာတွေ ပြင်ဆင်တည်ခင်းပေးသည်။

အမျိုးသမီးက ဆေးလုံးတွေလည်း ယူလာပေးသည်။ မော်ရီ ဆေးလုံးတွေကို ကြည့်သည်။ ပြီးတော့ သက်ပြင်းချသည်။ သူသည် ကျွန်တော် မှတ်မိသည်ထက်ပိုပြီး မျက်တွင်းဟောက်ပက် ဖြစ်နေသည်။ ပါးရိုးတွေ ပိုပြီး ငေါထွက်နေသည်။ သည် ပြောင်းလဲချက်များက

mgyoe.com

mgyoe.com


သူ့မျက်နှာကို ပိုပြီး ရင့်ရော် အိုမင်းသွား၏။ အဲ..... သူ ပြုံးလိုက်ချိန် အထိပေါ့။ သူ ပြုံးလိုက်ပြီဆိုတော့လည်း ပျော့တွဲနေသော ပါးရေများ သည် ခန်းဆီးစတွေကို ဆွဲတင်လိုက်သလို ဖြစ်သွားပါသည်။

"မစ်ချ်၊ ငါ သေတော့မယ်ဆိုတာ မင်း သိတယ်နော်"

ဆရာကြီး တိုးတိတ်နူးညံ့စွာ ပြော၏။

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်"

"အင်း၊ ဟုတ်ပြီ"

မော်ရီ ဆေးလုံးမျိုချသည်။ စက္ကူရေခွက်ကို ပြန်ချသည်။ အသက်ပြင်းပြင်းတစ်ချက် ရှူသည်။ ထို့နောက် ပြန်မှုတ်ထုတ်လိုက်သည်။

"အဲဒါ ဘယ်လိုနေသလဲဆိုတာ ငါ ပြောပြရမလား"

"ဘယ်လိုနေသလဲ၊ ဟုတ်လား၊ သေရတော့မယ်ဆိုတာကိုလား"

"အေးလေကွာ"

သူက ပြောသည်။

ကျွန်တော် သတိမထားလိုက်မိသော်လည်း ကျွန်တော်တို့၏ ဘဝနေဝင်ချိန်သင်တန်းသည် ယခုအချိန်မှ စတင် ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါသည်။

*

ဒီနှစ် တက္ကသိုလ်မှာ ကျွန်တော် ကျောင်း စတက်တဲ့နှစ်။ မောင်သစ်လွင် ကလေးပေါ့ဗျာ။ မော်ရီက တခြားဆရာ အများစုထက် အသက်ကြီးတယ် ဗျ။ ကျွန်တော်ကတော့ အထက်တန်းကျောင်းကို တစ်နှစ်စောပြီး ဆင်းလာတဲ့သူဆိုတော့ တခြား ကျောင်းသားအများစုထက် အသက်ငယ် နေတယ်။ တက္ကသိုလ် ပရိဝုဏ်ထဲမှာ သူလိုကိုယ်လိုဖြစ်အောင်၊ နုနယ်

mgyoe.com

ပျို့မျှစ်မှုကလေးတွေကို ဖုံးနိုင်ဖိနိုင်အောင်ဆိုပြီး ကျွန်တော်က မီးခိုးရောင် ဆွယ်တာအဟောင်းကြီးတွေ ဝတ်တယ်။ အားကစားရုံထဲမှာ လက်ဝှေ့ထိုးတယ်။ ဆေးလိပ်မသောက်တတ်ပေမဲ့ စီးကရက်တစ်လိပ်ကို မီးမညှိဘဲ ပါးစပ်မှာ တပ်ထားလေ့ရှိတယ်။ မာကျူရီကူဂါ ကားအိုကြီးကို တံခါးမှန်တွေချ၊ ကက်ဆက်အကျယ်ကြီး ဖွင့်ပြီး မောင်းလေ့ ရှိတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ် ခပ်ကြမ်းကြမ်း ခပ်တင်းတင်း ပုံစံပေါက်အောင် အားထုတ်နေတာ။ ဒါပေမဲ့ ကျွန်တော့်ကို ဆွဲဆောင်ဖမ်းစားလိုက်တာက မော်ရီရဲ့ နူးညံ့သိမ်မွေ့မှုဗျ။ နောက်ပြီး သူက ကျွန်တော့်ကို လူကြီးဂိုက် ဖမ်းဖို့ ကြိုးစားနေတဲ့ ချာတိတ်တစ်ယောက်လို သဘောမထားဘူး။ ဒီတော့ သူနဲ့ ဆက်ဆံရတာ စိတ်လက်ပေါ့ပေါ့ပါးပါး ရှိတာပေါ့။

ဒီလိုနဲ့ ပထမနှစ် သင်တန်းပြီးသွားတော့ သူ့အတန်းမှာပဲ နောက်တစ်နှစ် ဆက်တက်ဖို့ ကျွန်တော် စာရင်းသွင်းလိုက်တယ်။ သူက ပျော့ပျောင်းတဲ့ ဆရာဗျ။ အဆင့်တွေဘာတွေကို သိပ်ပြီး ရှေ့တန်းတင်နေတာ မဟုတ်ဘူး။ ဗီယက်နမ်စစ်ပွဲကာလ အတွင်းတုန်းကဆို သူ့ကျောင်းသားတွေ စစ်မှုထမ်းချိန် ရွှေ့ဆိုင်းခွင့်ရဖို့အတွက် အားလုံးကို 'က' အဆင့်ချည်း ပေးပစ်တယ်လို့ ပြောသံကြားရတယ်။

ကျွန်တော်က မော်ရီကို 'နည်းပြဆရာ' လို့ စခေါ်တယ်။ အထက်တန်းကျောင်းတုန်းက ကျွန်တော့်ရဲ့ ပြေးခုန်ပစ် နည်းပြဆရာကို ခေါ်သလိုပေါ့ဗျာ။ ဒီနာမည်ကို သူကလည်း သဘောကျတယ်လေ။

"နည်းပြဆရာတဲ့လား။ ကောင်းပြီ။ ငါက မင်းရဲ့ နည်းပြဆရာ လုပ်မယ်။ မင်းက ငါ့ရဲ့ အားကစားသမားပေါ့ကွာ။ ခုချိန်မှာ ငါက အိုကြီးအိုမ ဖြစ်နေလို့ မကစားနိုင်တော့တဲ့ ဘဝရဲ့ ချစ်စရာအပိုင်းကလေး ကလေးတွေကို မင်းက ကစားပြနိုင်တာပေါ့ကွာ"

mgyoe.com

mgyoe.com



တစ်ခါတလေကျတော့ ကျောင်းဝင်းထဲက စားသောက်ဆိုင်မှာ ကျွန်တော်တို့ နှစ်ယောက်အတူ စားကြသောက်ကြတယ်။ ကျွန်တော် ကျေနပ်ဝမ်းမြောက်ရတာက သူဟာ ကျွန်တော့်ထက်တောင် ပိုပြီး အနေအထိုင် မယဉ်ကျေးသူ ဖြစ်နေတာပါပဲ။ သူက စားစရာကို မဝါးဘဲ စကားပြောလား ပြောနေရဲ့။ ပါးစပ်ကြီး အသားကုန်ဟပြီး ရယ်လား ရယ်ရဲ့။ ကြက်ဥသီးစုံဟင်းကို ပါးစပ်နဲ့အပြည့် ပလုတ်ပလောင်းစားရင်း ရင်ထဲက အတွေးတစ်ခုကို အားရပါးရပြောနေတော့ သွားကြားထဲက အဝါရောင် ကြက်ဥအစအနတွေ စဉ်ထွက်လာမလား စဉ်ထွက်လာရဲ့။

သူ အဲဒီလို နေတာထိုင်တာကိုပဲ ကျွန်တော်က သဘောကျပြီး ချစ်နေမိတာ။ သူနဲ့ သိကျွမ်းခင်မင်နေရတဲ့ အချိန်ကာလ တစ်လျှောက်လုံး အတွင်း ကျွန်တော့်ရင်ထဲမှာ ပြင်းပြင်းထန်ထန် ထကြွ ပေါ်ပေါက်လာတဲ့ ဆန္ဒနှစ်ခု ရှိတယ်ဗျ။ တစ်ခုက သူ့ကို ပွေ့ဖက်ထားဖို့။ နောက်တစ်ခုက သူ့ကို လက်သုတ်ပဝါတစ်ထည် ပေးဖို့ပါပဲ။

❐

mgyoe.com

mgyoe.com

## စာသင်ခန်း

နေရောင်ခြည်သည် ထမင်းစားခန်း ပြတင်းပေါက်မှ တစ်ဆင့် သစ်မာသားကြမ်းခင်းပေါ်သို့ ဖြာကျနေသည်။ ထိုနေရာတွင် ကျွန်တော်တို့ စကားပြောနေခဲ့သည်မှာ နှစ်နာရီနီးပါး ရှိသွားပြီ။ တယ်လီဖုန်းခေါ်သံ မြည်လာပြန်သည်။ မော်ရီက သူ့အိမ်ဖော် ကော်နီအား တယ်လီဖုန်းကိုင်လိုက်ဖို့ လှမ်းပြောသည်။ ကော်နီက ဖုန်းခေါ်သူ၏ နာမည်ကို မော်ရီ့မှတ်တမ်း စာအုပ်အနက်ထဲတွင် ရေးမှတ်သည်။ မိတ်ဆွေအပေါင်းအသင်းတွေ၊ တရားပြဆရာတွေ၊ ဆွေးနွေးဖော် ဆွေးနွေးဖက် လူစုတွေ၊ မဂ္ဂဇင်းတစ်စောင်အတွက် သူ့ကို ဓာတ်ပုံရိုက်ချင်သူတစ်ဦး။ ကျွန်တော့်ဆရာ ပါမောက္ခအိုကြီးကို စိတ်ဝင်စားနေသူမှာ ကျွန်တော်တစ်ယောက်သာ မဟုတ်ကြောင်း သိသာထင်ရှားပါသည်။ 'ညဥ့်အစီအစဉ်' က သူ့ကို ထင်ပေါ်ကျော်ကြားသူ တစ်ဦးအဖြစ်သို့ ပို့ဆောင်ပေးခဲ့ပြီဖြစ်၏။ မော်ရီ မှာ ဝိုင်းဝိုင်းလည် ရှိနေပုံရသည့် မိတ်ဆွေ အပေါင်းအသင်းအရေအတွက်ကို ကြည့်ပြီး ကျွန်တော် အားကျမိ၏။ မနာလိုတိုရှည်ဖြစ်မိတာလည်း ဖြစ်ကောင်းဖြစ်မည်။ ကျွန်တော် ကောလိပ်ကျောင်းသားဘဝတုန်းက ကျွန်တော် ကျင်လည်ရာလမ်းကြောင်းတွင် ဝိုင်းဝိုင်းလည်

mgyoe.com

mgyoe.com


နေသည့် ကျွန်တော့် 'မိတ်ရင်းဆွေရင်းတွေ' ကို သတိတရ ဖြစ်မိသည်။ ယခု သူတို့တစ်တွေ ဘယ်ရောက်ကုန်ကြပါလိမ့်။

"ဒီမယ် မစ်ချ်ရ၊ ခုခါမှာ ငါက သေရတော့မှာဆိုတော့ လူတွေ အကြောင်း ပိုပိုပြီးတော့ကို စိတ်ဝင်စားလာသကွ"

ဆရာက အမြဲတမ်း စိတ်ဝင်စားခဲ့တာပါ။

"ဟေး" မော်ရီ ပြုံးလိုက်သည်။

"မင်းက ကြင်နာတတ်တဲ့လူပဲ"

ဟင့်အင်း၊ ကျွန်တော် မကြင်နာတတ်ပါဘူးဟု ကျွန်တော် တွေး၏။

"ဖြစ်နေတာက ဒီလိုကွ။ လူတွေက ငါ့ကို ပေါင်းကူးတံတား တစ်စင်းလို သဘောထားကြတယ်လေ။ ငါက ခါတိုင်းလို ကျန်းကျန်း မာမာ ဖျတ်ဖျတ်လတ်လတ်တော့ မရှိတော့ဘူးပေါ့ကွာ။ ဒါပေမဲ့ သေတော့လည်း မသေသေးဘူးလေ။ ဘယ်လိုလဲဆိုတော့..... သေခြင်းနဲ့ ရှင်ခြင်းရဲ့ ကြားဘဝပေါ့ကွာ"

သူ ချောင်းဆိုးသည်။ ထို့နောက် ပြန်ပြီး ပြုံးသည်။

"ငါက လူ့ဘဝရဲ့ နေဝင်ချိန် မဟာလမ်းခရီးကြီးကို လျှောက်နေ ရပြီကွ..... ဒီတော့ လူတွေက သူတို့ ဘာတွေ ထုပ်ပိုး ပြင်ဆင်ရမလဲဆိုတာ သူတို့ကို ပြောပြစေချင်တယ်လေ"

တယ်လီဖုန်းခေါ်သံ မြည်လာပြန်သည်။

"မော်ရီ၊ စကားပြောနိုင်မလား"

ကော်နီ လှမ်းမေးသည်။

"ငါ့မိတ်ဆွေဟောင်းတစ်ယောက်နဲ့ စကားပြောနေတယ်။ သူတို့ ကို ပြန်ဆက်ခိုင်းပါ"

သူ ကျွန်တော့်ကို ဘာကြောင့် သည်လောက် နွေးထွေးလှိုက်လှဲစွာ လက်ခံ တွေ့ဆုံနေကြောင်း ကျွန်တော် ပြောမပြတတ်။ ကျွန်တော်သည်

mgyoe.com

mgyoe.com


လွန်ခဲ့သည့် ၁၆ နှစ်၊ သူနှင့် ခွဲခွာခဲ့စဉ်တုန်းကလို ရှေ့ရေးအလားအလာကောင်းသည့် စာသင်သားကလေးတစ်ယောက်လည်း မဟုတ်တော့။ 'ညဥ့်အစီအစဉ်' ကြောင့်သာ မဟုတ်လျှင် မော်ရီသည် ကျွန်တော့်ကို တစ်ကြိမ်တစ်ခါမျှ ပြန်မတွေ့ရဘဲ သေဆုံးသွားမည် ဖြစ်၏။ ထိုသို့ဖြစ်ခဲ့လျှင်လည်း ကျွန်တော့်မှာ ဆင်ခြေကောင်းကောင်း ပေးစရာမရှိ။ သည်ခေတ်သည်အခါတွင် အများသူငါ ပေးလေ့ရှိသည့် ဆင်ခြေမျိုးကိုပဲ ပေးရမည်ဖြစ်၏။ ကျွန်တော်သည် ကျွန်တော်၏ ဘဝတဏှာတေးသံထဲတွင် နစ်မွန်းနေသည်။ သိပ်ပြီး အလုပ်ရှုပ်နေလို့ပါ။

*ငါ ဘာဖြစ်သွားတာလဲ။* ကိုယ့်ကိုယ်ကိုယ် မေးမိ၏။ မော်ရီ၏ အသံစူးစူးက ကျွန်တော့်အား တက္ကသိုလ် စာသင်နှစ်များဆီသို့ ပြန်လည်ဆွဲခေါ်သွားသည်။ ထိုစဉ် ထိုကာလတွေတုန်းကတော့ လူချမ်းသာများသည် မကောင်းဆိုးဝါးတွေဟု ကျွန်တော် ထင်မြင်ခဲ့၏။ ရှပ်အင်္ကျီနှင့် လည်စည်းသည် အဝတ်အစား အကျဉ်းထောင်ဟု ယူဆခဲ့၏။ မော်တော်ဆိုင်ကယ်ကို ခွစီးပြီး မျက်နှာကို လေတဖြူးဖြူးတိုက်သည်ကို အရသာခံပြီး ပါရီမြို့၏ လမ်းမတွေတစ်လျှောက်၊ တိဗက်ပြည်၏ တောင်ကုန်းတွေပေါ်သို့..... လွတ်လွတ်လပ်လပ် အနှောင်အဖွဲ့ကင်းကင်းဖြင့် သွားချင်သည့်အချိန် ထသွားလို့မရသည့် ဘဝမျိုးသည် အနှစ်သာရမရှိသည့် ဘဝမျိုးဖြစ်သည်ဟု မှတ်ယူခဲ့သည်။ ခုတော့ *ငါ ဘာဖြစ်သွားတာလဲ။*

ရှစ်ဆယ်ပြည့်နှစ်တွေ ဖြစ်ခဲ့ပျက်ခဲ့ပြီ။ ကိုးဆယ်ပြည့်နှစ်တွေ ဖြစ်ခဲ့ပျက်ခဲ့ပြီ။ သေဆုံးခြင်း၊ ဖျားနာခြင်း၊ ဝလာခြင်း၊ ထိပ်ပြောင်လာခြင်းတွေ ဖြစ်ခဲ့ပျက်ခဲ့ပြီ။ ကျွန်တော်က စိတ်ကူးယဉ်အိပ်မက်ပေါင်းများစွာကို ဝင်ငွေများများရခြင်းနှင့် အလဲအလှယ် လုပ်ခဲ့၏။ တကယ်တော့ ကျွန်တော် သည်လို လုပ်နေမိပါကလားဆိုတာ ကိုယ့်ဘာသာကိုယ်ပင် သဘောမပေါက်။ သတိမပြုခဲ့မိ။

mgyoe.com

mgyoe.com



သို့ဖြစ်သည့်တိုင် မော်ရီက သည်နေရာမှာထိုင်ပြီး ကျွန်တော်တို့၏ ပျော်ရွှင်ကြည်နူးစရာ တက္ကသိုလ်ကျောင်းသားဘဝကို ပြောနေသည်။ ခွင့်ရက်ရှည်ယူသွားသော ကျွန်တော့်အား ကျွန်တော်မရှိစဉ်အတွင်း ဖြစ်ပျက်ခဲ့သည်များကို ပြန်လည် ဖောက်သည်ချနေသည့်နှယ်။

"မင့်နှလုံးသားကို မျှဝေခံစားဖို့ တစ်ယောက်ယောက်များ တွေ့နေပြီလားကွ" ဟု သူက မေးသည်။

"မင်းရဲ့ အသိုက်အဝန်းကို မင်း ပေးဆပ်မှုတွေ လုပ်နေရဲ့လား"

"မင်းကိုယ်မင်း နှစ်သိမ့်ကျေနပ်မှု ရှိရဲ့လား"

"မင်း တတ်နိုင်သလောက် လူသားဆန်ဆန် နေတတ်အောင် အားထုတ်ရဲ့လား"

ကျွန်တော် ကိုယ်ကို တွန့်၏။ လိမ်၏။ ထိုသို့သော မေးခွန်းတွေကို ဖြေနိုင်ဖို့ ကိုယ်စွမ်းရှိသလောက် ဉာဏ်စွမ်းရှိသလောက် အားထုတ်ကြိုးပမ်းနေကြောင်း ပြလိုက်ချင်၏။ ငါ ဘာဖြစ်သွားတာလဲ။ တစ်ချိန်တစ်ခါတုန်းက ကျွန်တော် အခိဋ္ဌာန်တွေ ချမှတ်ခဲ့ဖူး၏။ ကျွန်တော် ဘယ်သောအခါမျှ ငွေကြေးအတွက် အလုပ်လုပ်မည် မဟုတ်ဟု။ ငြိမ်းချမ်းရေးတပ်ဖွဲ့တွင် ဝင်ရောက်ဆောင်ရွက်မည်ဟု။ လှပပြီး ငြိမ်သက်အေးချမ်းသော၊ စိတ်အေးချမ်းမှုအပြည့်ရှိသော နေရာဒေသများမှာသာ နေထိုင်မည်ဟု။

ထို့အစား ကျွန်တော် ဒက်ထရွိုက်မြို့သို့ ရောက်နေသည်မှာ ဆယ်နှစ်ဆယ်မိုးရှိပြီ။ ဆယ်နှစ်လုံးလုံး သည်အလုပ်ခွင်မှာပါပဲ။ သည်ဘဏ်တစ်ခုတည်းမှာပဲ ငွေသွင်းသည်။ ငွေထုတ်သည်။ သည်ဆံပင်ညှပ်ဆိုင်မှာပဲ ဆံပင်ညှပ်သည်။ ကျွန်တော့်အသက် သုံးဆယ့်ခုနစ်နှစ်ရှိပြီ။ ကောလိပ်တုန်းကထက် ပိုပြီး စွမ်းရည်ထက်မြက်လာသည်။ တစ်နေ့တစ်နေ့ ကွန်ပျူတာတွေ၊ မိုဒန်း ဆက်သွယ်ရေးကိရိယာတွေ၊ ဆယ်လူလာ

mgyoe.com

mgyoe.com



ဖုန်းတွေဖြင့် နပန်းလုံးနေသည်။ ချမ်းသာကြွယ်ဝသော အားကစားသမားတွေအကြောင်း ဆောင်းပါးတွေ ရေးသည်။ များသောအားဖြင့် သူတို့ကလည်း ကျွန်တော်တို့လို လူစားတွေကို သိပ်ပြီး အလေးမမူ ဂရုမစိုက်ဘဲ မနေနိုင်ကြ။ ကျွန်တော်သည် ကျောင်းနေဖက် သူငယ်ချင်းတွေထက် ငယ်နုနေသူကလေးတစ်ဦး မဟုတ်တော့။ မီးခိုးရောင် ဆွယ်တာကြီးတွေ ဝတ်ပြီး ဟိုဟိုသည်သည် လျှောက်သွားနေတတ်သူတစ်ဦး မဟုတ်တော့ သလို စီးကရက်ကို မီးမညှိဘဲ ပါးစပ်မှာ တပ်ထားသူလည်း မဟုတ်တော့။ ခုတော့ ကျွန်တော်သည် ကြက်ဥသီးစုံညှပ်ထားသည့် ပေါင်မုန့်ကို စားရင်း ဘဝအဓိပ္ပာယ်အကြောင်း မိုးမဆုံး လေမဆုံး ဆွေးနွေးနေခြင်း လည်း မပြုတော့။

ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ဂျင်ခြေလည်နေသည်။ အလုပ်နှင့် လက်နှင့် ပြတ်ရသည်မရှိ။ သို့တိုင် အချိန်အတော်များများပင် ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ကျေနပ်မှု မရှိခဲ့။

*ငါ ဘာဖြစ်သွားတာလဲ။*

"နည်းပြဆရာ"

သူ့အား မှည့်ခေါ်ထားသည့် ချစ်စနိုးနာမည်ကို သတိရပြီး ကျွန်တော် ဆိုင်းမဆင့်ဗုံမဆင့် ခေါ်လိုက်၏။

မော်ရီ မြိန့်မြိန့်ကြီး ပြုံးလိုက်သည်။

"အေး၊ ဟုတ်တယ်လေကွာ။ ငါဟာ မင်းရဲ့ နည်းပြဆရာအဖြစ် ရှိနေတုန်းပါပဲ"

သူ ရယ်မောသည်။ ပြီးတော့ စားလက်စအစားကို ဆက်စားသည်။ လွန်ခဲ့သည့် မိနစ်လေးဆယ်လောက်ကတည်းက စပြီး စားနေခဲ့သည့် အစားအစာ။ ခုမှ သူ့ကို သေသေချာချာ ကြည့်မိသည်။ သူ့လက်တွေမှာ အတော်ကြီး ဂရုတစိုက် အားထုတ် အလုပ်လုပ်နေရသည်။ သည်လက်

mgyoe.com

mgyoe.com


တွေဖြင့် စားဖို့သောက်ဖို့ ပထမဦးဆုံးအကြိမ် စတင် သင်ယူလေ့ကျင့်နေသည့် ပုံစံမျိုး။ ဓားကို အင်ဖြင့်အားဖြင့် မဖိနိုင်၊ မလှီးဖြတ်နိုင်။ လက်ချောင်းကလေးတွေ တုန်ယင်နေသည်။ အစားတစ်လုတ်စားရဖို့ အရေး အကြီးအကျယ် ရုန်းကန်ကြိုးပမ်းရသည်။ အစားတစ်လုတ်ကို မျိုမချမီ ကြေညက်အောင် ဝါးသည်။ တစ်ခါတလေတွင် ဝါးနေသည့် အစားအစာတွေက နှုတ်ခမ်းထောင့်စွန်းများမှ စီးကျသည်။ သည်တော့ ထိုအရာများကို လက်ကိုင်ပဝါဖြင့် သုတ်ဖို့ လက်ထဲက ဓားတွေ၊ ခက်ရင်းတွေကို ချရပြန်သည်။ သူ့လက်ခုံပေါ်မှ အရေပြားတွင် သက်ကြီးရွယ်အိုများမှာ ဖြစ်လေ့ရှိသည့် အစက်အပြောက်တွေ ဖြစ်နေသည်။ အရေပြားက ကြက်စွပ်ပြုတ်ထဲမှ ကြက်ရိုးတွင် တွဲလောင်းကျနေသည့် အရေပြားလို ပျော့တွဲနေပြီ။

ခဏတစ်ဖြုတ်အားဖြင့်တော့ ကျွန်တော်တို့ ထိုအတိုင်းပင် ဆက်စားနေကြ၏။ နာမကျန်းဖြစ်နေသည့် အဘိုးအိုကြီးတစ်ယောက်နှင့် ကျန်းမာပြီး ပို၍ငယ်ရွယ်သူတစ်ဦး။ အခန်း၏ တိတ်ဆိတ်ငြိမ်သက်မှုထဲတွင် နစ်မြုပ်နေကြသည်။ ကျွန်တော်ကတော့ စိတ်ကသိကအောက်ဖြစ်စေသည့် တိတ်ဆိတ်ငြိမ်သက်မှုဟု ဆိုချင်သည်။ သို့ပေမဲ့ စိတ်ကသိကအောက်ဖြစ်နေသည်မှာ ကျွန်တော်တစ်ယောက်သာ ဖြစ်ပုံရသည်။

"သေဆုံးခြင်းဆိုတာ....."

မော်ရီက ကောက်ကာငင်ကာ ပြောသည်။

"ကြေကွဲစရာကောင်းတဲ့ ကိစ္စတစ်မျိုးလည်း ဖြစ်တယ် မစ်ချ်။ စိတ်မချမ်းမသာနဲ့ အသက်ရှင်နေထိုင်ရတာက သီးခြားကိစ္စကွ။ ငါ့ဆီကို လာလည်တဲ့ လူအတော်များများဟာ စိတ်မချမ်းမသာ ဖြစ်နေကြတာ ကလား"

mgyoe.com

mgyoe.com


ဘာဖြစ်လို့ပါလဲ။

"အင်း... အကြောင်းတစ်ခုကို ပြောရမယ်ဆိုရင် တို့များ လက်ခံကျင့်သုံးနေတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေက လူတွေ သူတို့ကိုယ်သူတို့ ကျေနပ်နှစ်သိမ့်တတ်အောင် သင်ကြားပေးမထားဘူးကွ။ တို့တစ်တွေဟာ မှားယွင်းတဲ့အရာတွေကို သင်ကြားပေးနေကြတယ်။ တကယ်လို့ ယဉ်ကျေးမှုက အလုပ်မဖြစ်ဘူးဆိုရင် ကြိတ်မှိတ်ပြီး လက်ခံမနေနဲ့၊ အလုပ်မဖြစ်ဘူးဆိုတာ ထုတ်ပြောဝံ့လောက်အောင် စိတ်ဓာတ်ကြံ့ခိုင်ရမယ်။ ကိုယ်ပိုင်ယဉ်ကျေးမှုကို တီထွင်ဖန်တီးကွာ။ လူများစုဟာ အဲဒီလို မလုပ်နိုင်ကြဘူး။ ငါ့ရဲ့ လက်ရှိအခြေအနေနဲ့ ယှဉ်ထိုးစဉ်းစားမယ်ဆိုရင်တောင် သူတို့ဟာ ငါ့ထက် ပိုပြီး စိတ်မချမ်းမသာ ဖြစ်နေကြသေးတယ်။

"ငါဟာ သေရတော့မယ်။ ဒါပေမဲ့ ငါ့ကို ချစ်တတ်ကြင်နာတတ်တဲ့၊ စာနာထောက်ထားတတ်တဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ဝိုင်းရံနေတယ်။ အဲဒီစကားမျိုးကို လူ ဘယ်လောက်များများက ပြောနိုင်ကြသလဲ"

ကျွန်တော် အံ့သြတကြီး ဖြစ်သွားသည်။ ဆရာကြီးက ကိုယ့်ကိုယ်ကိုယ် အသနားပိုသည့် စိတ်ပျော့စိတ်ညံ့မျိုး အလျှင်းမရှိသူပါကလား။ သြော်..... ကခြင်း၊ ရေကူးခြင်း၊ ရေချိုးခြင်း သို့မဟုတ် လမ်းလျှောက်ခြင်းတို့ကို မစွမ်းဆောင်နိုင်တော့သည့် မော်ရီ။ ကိုယ့်အိမ်ကိုလာသည့် ဧည့်သည်အား တံခါးထဖွင့်မပေးနိုင်တော့သော၊ သူတစ်ပါးက ရေချိုးပေးသည့်တိုင် ကိုယ့်ကိုယ်ကိုယ် တဘက်ဖြင့် မသုတ်နိုင်တော့သော သို့မဟုတ် အိပ်ရာပေါ်မှာပင် ဟိုစောင်း သည်လှည့် မလုပ်နိုင်တော့သော မော်ရီ။ ဘယ်လိုလုပ်ပြီးများ သည်လောက်တောင် အရှိတရားကို လက်သင့်ခံနိုင်စွမ်း ရှိနေပါလိမ့်။

mgyoe.com

mgyoe.com


ခက်ရင်းတစ်ချောင်းဖြင့် အသည်းအသန် အားထုတ်နေရသည့် သူ့ကို ကျွန်တော် ကြည့်နေမိသည်။ ခရမ်းချဉ်သီးတစ်စိတ်ကို ခက်ရင်းဖြင့် ထိုးကော်သည်။ နှစ်ကြိမ်တိုင်တိုင် ခရမ်းချဉ်သီးကို မထိုးမိဘဲ လွဲချော်သွားသည်။ သြော်..... ရင်နာစရာ မြင်ကွင်း။ သို့ဖြစ်သည့်တိုင် သူ့ရှေ့မှောက်တွင် ထိုင်နေရသည်မှာ ထူးထူးခြားခြား ငြိမ်းချမ်းမှု ရှိကြောင်းကိုတော့ ကျွန်တော် ငြင်းလို့မရ။ ကောလိပ်မှာတုန်းက ကျွန်တော့်ရင်ကို ငြိမ်းချမ်းနှစ်သိမ့်စေသည့် တည်ငြိမ်သော လေပြည်လေညင်းကလေး အတိုင်းပါပဲ။

ကျွန်တော် လက်ပတ်နာရီကို ဖျတ်ခနဲ မျက်စိဝေ့ကြည့်မိ၏။ ဖျောက်မရသည့် အကျင့်ကြီးတစ်ခု။ အချိန်နောက်ကျနေပြီ။ အိမ်ပြန်ဖို့ လေယာဉ်လက်မှတ် ကြိုတင်မှာကြားထားသည်ကို အစီအစဉ်ပြောင်းလိုက်ဖို့ စဉ်းစားသည်။ ထိုအခိုက်မှာပင် ကျွန်တော့်အား ယနေ့တိုင် ခြောက်လှန့်နေမည့် ကိစ္စတစ်ခုကို မော်ရီ ပြုလုပ်ခဲ့လေသည်။

"ငါ ဘယ်လိုသေမလဲဆိုတာ မင်းသိလား"

ကျွန်တော် မျက်ခုံးတွေ ပင့်လိုက်၏။

"ငါ အသက်ရှူကျပ်ပြီး သေလိမ့်မယ်။ ဟုတ်တယ်။ ရင်ကျပ်ပန်းနာက ရှိနေတော့ ငါ့အဆုတ်တွေက ရောဂါကို ခံနိုင်မှာမဟုတ်ဘူး။ ဒီအေအယ်လ်အက်စ် ရောဂါက ခန္ဓာကိုယ်အပေါ်ပိုင်းကို တက်လာနေပြီလေ။ လောလောဆယ် ခြေထောက်တွေကို ဝါးမျိုသွားပြီ။ သိပ်မကြာမီအတွင်း လက်မောင်းတွေ၊ လက်ဖျံတွေဆီ ရောက်တော့မယ်။ နောက်ဆုံး အဆုတ်တွေဆီ ရောက်ပြီ ဆိုတဲ့အခါ....."

သူ ပခုံးတွေ တွန့်လိုက်၏။

"..... ငါ သွားပြီပေါ့"

ကျွန်တော် ဘာပြောလို့ ဘာဆိုရမှန်းမသိ။ သည်တော့.....

mgyoe.com

mgyoe.com



"အဲ..... ဆရာကြီးကလည်း ဟိုလေ..... ဘယ်ပြောနိုင်ပါ့မလဲ" ဟု ပြောလိုက်၏။

မော်ရီ မျက်လုံးတွေ မှိတ်လိုက်၏။

"ငါ သိပါတယ် မစ်ချ်ရယ်။ ငါ သေသွားမှာကို မင်း စိုးရိမ်စရာ မလိုဘူး။ ငါ့မှာ အဓိပ္ပာယ်ရှိတဲ့ ဘဝတစ်ခု ရှိခဲ့ပြီ။ နောက်ပြီး ငါ သေရတော့မယ်ဆိုတာ တို့တစ်တွေအားလုံး သိထားပြီးသားပဲဟာ။ ငါ နောက်ထပ်နေရလှ လေးလ ငါးလပေါ့ကွာ"

"အဲဒီလို မပြောပါနဲ့ ဆရာကြီးရယ်" ဟု ကျွန်တော် ကြံရာမရ ပြော၏။ ဘယ်သူမှ အတိအကျ ပြောလို့မရ.....

"ငါ ပြောလို့ရတယ်" ဟု သူက ညင်သာစွာ ပြောသည်။

"စမ်းသပ်စစ်ဆေးမှုကလေးတစ်ခု လုပ်ချင်ရင်တောင် လုပ်လို့ ရသေးတယ်။ ဆရာဝန်တစ်ယောက်က ငါ့ကို လုပ်ပြထားတာကွ"

စမ်းသပ်စစ်ဆေးမှု ဟုတ်လား။

"သုံးလေးခါလောက် အသက်ရှူလိုက်"

သူပြောသည့်အတိုင်း ကျွန်တော် လိုက်လုပ်သည်။

"ကဲ၊ နောက်တစ်ခါ ရှူဦး၊ ဒါပေမဲ့ ဒီတစ်ခါ အသက်ရှူထုတ်တဲ့ အခါ နံပါတ်တစ်က စပြီး ရေလို့ရသလောက် ရေတွက်။ နောက်တစ်ခါ အသက်ထပ်ရှူရတဲ့ အချိန်အထိပေါ့"

ကျွန်တော်က အသက်ကို ရှူထုတ်ရင်း နံပါတ်တွေကို ခပ်သွက် သွက် ရေတွက်၏။ "တစ် – နှစ် – သုံး – လေး – ငါး – ခြောက် – ခုနစ် – ရှစ်....."အသက်ရှူထုတ်လို့ ကုန်ချိန်အထိ နံပါတ်ခုနစ်ဆယ်သို့ ရောက်သည်။

"ကောင်းတယ်။ မင်းမှာ အားကောင်းတဲ့ အဆုတ်တွေ ရှိတယ်။ ကဲ ..... ငါ လုပ်တာကို ကြည့်"

mgyoe.com

mgyoe.com



သူ အသက်ရှူသွင်း၏။ ထို့နောက် အသက်ရှူထုတ်ရင်း တိုးတိတ်တုန်ခါသောအသံဖြင့် နံပါတ်များ ရေတွက်သည်။ "တစ် – နှစ် – သုံး – လေး – ငါး – ခြောက် – ခုနစ် – ရှစ် – ကိုး – တစ်ဆယ် – ဆယ့်တစ် – ဆယ့်နှစ် – ဆယ့်သုံး – ဆယ့်လေး – ဆယ့်ငါး – ဆယ့်ခြောက် – ဆယ့်ခုနစ် – ဆယ့်ရှစ်" ရပ်လိုက်၏။ လေကို ဟပ်ပြီး အသက်ရှူနေသည်။

"အဲဒီလို လုပ်ကြည့်ဖို့ ဆရာဝန်က ပထမအကြိမ် ပြောတုန်းက ငါ နှစ်ဆယ့်သုံးအထိ ရောက်တယ်။ ခု ဆယ့်ရှစ်အထိပဲ ရောက်တော့တယ်လေ"

သူ မျက်လုံးတွေ မှိတ်လိုက်၏။ ခေါင်းကို ခါယမ်းသည်။

"မီးစာကုန် ဆီခန်း ဖြစ်နေပြီကွ"

ကျွန်တော် ဂနာမငြိမ်စွာဖြင့် ကိုယ့်ပေါင်ကို ပုတ်နေမိ၏။ သည်လောက်ဆို မွန်းလွဲပိုင်းတစ်ပိုင်းစာအတွက် တော်လောက်ပြီ။

"မင်းရဲ့ ဆရာအိုကြီးကို လာပြီး တွေ့ဦးလေကွာ"

သူ့အား ပွေ့ဖက်ပြီး နှုတ်ဆက်တော့ မော်ရီက ပြောသည်။

လာခဲ့ပါမည်ဟု ကျွန်တော် ကတိပြုလိုက်သည်။ ဟိုတစ်ခါ နောက်ဆုံးတစ်ကြိမ်တုန်းက ယခုလို ကတိပေးခဲ့သည်ကို မတွေးမိအောင် ကြိုးစားနေမိသည်။ တက္ကသိုလ် ပရိဝုဏ်ထဲက စာအုပ်ဆိုင်မှာ ကျွန်တော် စာအုပ်တွေ လိုက်ရှာတယ်။ မော်ရီဖတ်တဲ့ စာအုပ်စာရင်းထဲမှာပါတဲ့ စာအုပ်တွေပေါ့။ ဒီကမ္ဘာလောကကြီးမှာ စာအုပ်အဖြစ် ရှိနေမှန်းတောင် ကျွန်တော်မသိခဲ့တဲ့ စာအုပ်တွေလေ။ စာအုပ်နာမည်တွေက (YOUTH: IDENTITY AND CRISIS, I AND THOU, THE DIVIDED SELF) ဆိုတာတွေပေါ့ဗျာ။

ကျွန်တော် ကောလိပ်မရောက်ခင်တုန်းကဆို လူလူချင်း ဆက်ဆံရေးကို ပညာရပ်တစ်ခုအဖြစ် လေ့လာလို့ရတယ်ဆိုတာ မသိခဲ့ပါဘူး။

mgyoe.com

mgyoe.com


ကျွန်တော် မော်ရီနဲ့ တွေ့ဆုံချိန်အထိ အဲဒီပညာရပ်ကို အယုံအကြည် မရှိခဲ့ဘူးဗျ။

ဒါပေမဲ့ သူ့ရဲ့စာအုပ်မြတ်နိုးစိတ်ဟာ တကယ်စစ်မှန်ပြီး တခြားလူတွေကို ကူးစက်ပြန့်ပွားလွယ်တာကလား။ တစ်ခါတလေ သင်တန်းပြီးချိန်၊ စာသင်ခန်းထဲမှာ ဘယ်သူမှ မရှိတော့တဲ့အချိန်မျိုးမှာ ကျွန်တော်တို့နှစ်ယောက် လေးလေးနက်နက်စကားတွေ ပြောဖြစ်နေကြပြီလေ။ သူက ကျွန်တော့်ဘဝအကြောင်း မေးခွန်းတွေ မေးတယ်။ ပြီးတော့ အဲရစ်ဖရော(မ်)၊ မာတင်ဘူဘာ၊ အဲရစ်အယ်ရစ်ဆန်တို့ရဲ့ စာတွေထဲက ကောက်နုတ်ချက်တွေ ရွတ်ပြတတ်တယ်။ သူလည်း ဒီဆရာကြီးတွေ တွေးတဲ့အတိုင်း တွေးတာ သိသာပါတယ်။ ဒါပေမဲ့ သူက မကြာမကြာ ဆိုသလို ဆရာကြီးတွေရဲ့စကားလုံးတွေကို ပြောင်းလဲသုံးစွဲတတ်တယ်။ ဆရာကြီးတွေ သုံးထားတဲ့ စကားလုံးတွေအောက်မှာ အောက်ခြေမှတ်စု ထုတ်ပြီး သူ့ကိုယ်ပိုင် စကားလုံးတွေ ဖော်ပြထားလေ့ရှိတယ်။ တကယ်တော့ သူဟာ ကျွန်တော့်ထက် အသက်ကြီးတဲ့ သူလိုကိုယ်လို ဦးလေးအရွယ် လူတစ်ယောက်မဟုတ်ဘဲ ပါမောက္ခစစ်စစ် တစ်ယောက်ပါလား ဆိုတာ အဲဒီအချိန်တွေမှာ ကျွန်တော် သိခဲ့ရတာပေါ့ဗျာ။ တစ်နေ့လယ်မှာတော့ ကျွန်တော့်အသက်အရွယ်တန်း လူငယ်တွေ ခံစားနေရတဲ့ စိတ်ရှုပ်မှုတွေ အကြောင်း ညည်းတွားနေမိတယ်။ ကိုယ့်ကိုဖြစ်စေချင်တဲ့ ဆန္ဒတွေနဲ့ ကိုယ်ကိုယ်တိုင်က ဖြစ်ချင်တဲ့ဆန္ဒတွေ ထိပ်တိုက်တွေ့မှု အကြောင်းပေါ့။

"မင်းကို ငါ ဆန့်ကျင်ဘက်တွေရဲ့ တင်းအားအကြောင်း ပြောပြပြီးပြီလား"

"ဘဝဆိုတာ အစဉ်အဆက်ဖြစ်ပေါ်နေတဲ့ ရှေ့နဲ့နောက် ဆွဲငင်မှုတွေပဲ။ မင်းက တစ်ခုခုကို လုပ်ချင်တယ်။ ဒါပေမဲ့ မလုပ်မဖြစ် လုပ်ရမှာက တခြားတစ်ခု ဖြစ်နေတယ်။ တစ်စုံတစ်ခုက မင်းကို ထိခိုက်စေ

mgyoe.com

mgyoe.com


တယ်။ ဒါပေမဲ့ ဒီလိုမဖြစ်သင့်ဘူးဆိုတာ မင်း သိနေတယ်။ လောကမှာ ဘယ်အရာကိုမှ မဆန်းစစ် မဝေဖန်ဘဲ မယုံကြည် လက်မခံရဘူးဆိုတာ မင်းသိထားတယ်။ ဒါပေမဲ့ တချို့ကိစ္စတွေကို မင်း မဆန်းစစ် မဝေဖန်ဘဲ ယုံကြည်လက်ခံတယ်"

"ဆန့်ကျင်ဘက်တွေရဲ့ တင်းအားဆိုတာ ကြက်ပေါင်ကွင်း တစ်ကွင်းကို ဆွဲဆန့်တာနဲ့ တူတယ်။ တို့တစ်တွေအများစုက အစွန်း နှစ်ဖက်ရဲ့ အလယ်တစ်နေရာရာမှာ ကျင်လည်နေထိုင်ကြတာပေါ့"

"နပန်းသတ်ပွဲတစ်ပွဲလိုပေါ့နော်" လို့ ကျွန်တော်က ပြောတယ်။

"နပန်းသတ်ပွဲတစ်ပွဲ" သူ ရယ်လိုက်တယ်။ "ဟုတ်တယ်၊ ဘဝကို အဲဒီလို ပုံဖော်လို့ ရတယ်"

"ဒီတော့ ဘယ်ဘက်က နိုင်မလဲ" ကျွန်တော် မေးတယ်။

သူ ကျွန်တော့်ကို ပြုံးပြတယ်။ မျက်ကြောတွေ တွန့်နေတဲ့ မျက်လုံးတွေနဲ့ မညီမညာတဲ့ သွားတွေနဲ့။

"မေတ္တာတရားက အနိုင်ရတယ်။ မေတ္တာတရားက အမြဲတမ်း အနိုင်ရတယ်ကွ"

❐

mgyoe.com

mgyoe.com

# ကျောင်းတက်ချိန် စာရင်းကောက်ခြင်း

သီတင်းပတ် အနည်းငယ်အကြာတွင် ကျွန်တော် လန်ဒန်သို့ လေကြောင်းမှ ပျံသန်းခဲ့၏။ ဝင်ဘယ်လ်ဒန်တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့ထိပ်တန်း တင်းနစ်ပြိုင်ပွဲအကြောင်း သတင်းဆောင်းပါး ရေးရမည်။ ပွဲကြည့်ပရိသတ်က စူးစူးဝါးဝါးဖြင့် အော်ဟစ်လှောင်ပြောင်ခြင်း၊ ကားရပ်ကွင်းထဲတွင် မူးယစ်ရမ်းကားခြင်း အလျှင်းမရှိသည့် အားကစားပြိုင်ပွဲ အနည်းငယ်ထဲတွင် သည်တင်းနစ်ပြိုင်ပွဲလည်း ပါဝင်သည်။

အင်္ဂလန်ရာသီဥတုက နွေးထွေးပြီး တိမ်ထူထပ်နေသည်။ နံနက်ခင်းတိုင်း ကျွန်တော်က တင်းနစ်အားကစားကွင်းတွေနားရှိ သစ်ပင်တွေစီတန်းစိုက်ထားသော လမ်းတွေပေါ်တွင် လမ်းလျှောက်သည်။ လမ်းတစ်လျှောက်တွင် လက်ကျန်လက်မှတ်များ ဝယ်ယူရန် တန်းစီနေသည့် ဆယ်ကျော်သက်ရွယ် ကလေးတွေကို တွေ့ရသည်။ စတော်ဘယ်ရီနှင့် မလိုင်ရောင်းသည့် လမ်းဘေးအရောင်းစက်များကို တွေ့ရသည်။ အားကစားကွင်း ဂိတ်ပေါက်ဝ အပြင်ဘက်မှာတော့ သတင်းစာရောင်းသည့် စင်တစ်စင်ရှိသည်။ စင်ပေါ်တွင် ဒါဇင်ဝက်လောက်ရှိသော အရောင်တွေ ဝေဝေဆာဆာ ရိုက်နှိပ်ထားသည့် အပေါ်စား သတင်းစာ

mgyoe.com

mgyoe.com



တွေ တင်ထားသည်။ အဆိုပါ ဗြိတိသျှသတင်းစာတွေက အသားပေး ဖော်ပြထားသည်မှာ အပေါ်ပိုင်း ဗလာကျင်းထားသည့် မိန်းမပုံတွေ၊ တော်ဝင်မိသားစု၏ ကိုယ်ရေးကိုယ်တာ ဓာတ်ပုံတွေ၊ ဗေဒင်ဟောကြား ချက်တွေ၊ အားကစားသတင်းတွေ၊ ကံစမ်းမဲဖွင့်ပွဲ သတင်းတွေ.....။ ပြီးမှ မဆိုစလောက်ကလေးသာဖြစ်သည့် သတင်းစစ်စစ်တွေ။ သည် သတင်းစာတွေက အသားပေးဖော်ပြထားသည့် သတင်းခေါင်းစဉ်များကို သတင်းစာစင်၌ မှီထောင်ထားသည့် သင်ပုန်းတစ်ချပ်တွင် မြေဖြူဖြင့် ရေးသားဖော်ပြထားသည်။ ထိုသို့ ဖော်ပြလေ့ရှိသည့် သတင်းခေါင်းစဉ် များမှာ များသောအားဖြင့် **ဒိုင်ယာနာနှင့် ချားလ်တို့ စကားများ ရန်ဖြစ် နေကြပြီ** ဆိုသော ခေါင်းစဉ်များသာ ဖြစ်၏။

လူတွေက သည်သတင်းစာတွေကို ဦးဦးဖျားဖျား ရအောင် ဝယ်ယူကြသည်။ အတင်းအဖျင်း သတင်းတွေကို အရသာခံပြီး ဖတ်ကြ သည်။ အင်္ဂလန်သို့ ယခင်အခေါက်တွေ ရောက်တုန်းက ကျွန်တော်လည်း သည်အတိုင်း ပြုကျင့်ခဲ့သည်။ သို့သော် ယခုတော့ မဖွယ်မရာ သတင်း တစ်ခုခုကို ဖတ်မိတိုင်း ကျွန်တော် မော်ရီအကြောင်း စဉ်းစားနေမိတော့ သည်။ ဂျပန်မေပယ်ပင်ကြီးအနီး သစ်မာသားကြမ်းခင်းများ ခင်းထား သည့် အိမ်ကြီးထဲတွင် အသက်ရှူထုတ်ပြီး နံပါတ်စဉ် ရေတွက်ကြည့်နေ သည့် မော်ရီ။ ရသမျှ အချိန်ကာလလေးတွေကို လုပြီး ချင်ခင်ရင်းနှီးသူ များနှင့် ပြောဆို ဆွေးနွေးနေသည့် မော်ရီ..... သူ့ပုံကို ကျွန်တော် စိတ်မျက်စိထဲ၌ တစ်မြင်တည်း မြင်ယောင်နေမိသည်။ သူက ထိုသို့ နေထိုင်နေချိန်တွင် ကျွန်တော်က ကျွန်တော့်အတွက် ဘာမျှ အဓိပ္ပာယ် မရှိသည့် ကိစ္စများအတွက် နာရီပေါင်းများစွာ သုံးစွဲနေရသည်။ ရုပ်ရှင် သရုပ်ဆောင်တွေအကြောင်း၊ ထိပ်တန်း မော်ဒယ်တွေအကြောင်း၊ မင်းသမီး ဒိုင်ယာနာ သို့မဟုတ် မက်ဒေါနား သို့မဟုတ် ဂျွန်အက်ဖ်

mgyoe.com

mgyoe.com


ကနေဒီတို့နှင့် ပတ်သက်၍ နောက်ဆုံး ပေါ်ထွက်လာသည့် အသံဗလံတွေအကြောင်း။

တကယ်တော့ မော်ရီ အသက်ရှင်နေထိုင်ရမည့်အချိန်က တဖြည်းဖြည်း လျော့ပါးလာပြီ။ သူ့မှာ အချိန် သိပ်များများ မကျန်တော့။ သို့ပေမဲ့ သူ့အချိန်တွေက အနှစ်သာရပြည့်ဝသည့် အချိန်တွေ။ ဒါကိုပင် ကျွန်တော်က တစ်နည်းတစ်ဖုံအားဖြင့် အားကျမနာလို ဖြစ်နေမိ၏။ ကျွန်တော်တို့သည် အာရုံပျံ့လွင့်စေမည့် ကိစ္စများကို ပြုလုပ်နေကြသည်။ ဘာကြောင့်များ ထိုသို့သော ကိစ္စတွေကို ပြုလုပ်နေကြပါလိမ့်။ ကိုယ့်တိုင်းပြည်မှာဆိုလျှင် အိုဂျေဆင်မဆန်၏ အမှုကို အုတ်အော်သောင်းတင်း စစ်ဆေးနေကြပြီ။ တရားရုံးတွင် စစ်ဆေးပုံကို ကြည့်ချင်လွန်းသဖြင့် နေ့လယ်စာမစားဘဲ နေသူတွေလည်း ရှိသည်။ ကျန်သည့်အပိုင်းများကို ညဘက်ကျမှ ဆက်ကြည့်ဖို့ တိတ်ခွေဖြင့် သွင်းထားကြရသည်။ စင်စစ် အိုဂျေဆင်မဆန်ကို သူတို့ မသိ။ အမှုထဲမှာ ပါဝင်ပတ်သက်နေသူ တစ်ဦးတစ်ယောက်မျှကိုလည်း သူတို့ မသိ။ သို့တိုင် အခြားသူတစ်ဦး တစ်ယောက်၏ ဘဝဇာတ်လမ်းကို အစွဲကြီးစွဲနေသည့်အတွက် သူတို့ ဘဝ၏ ရက်တွေ၊ သီတင်းပတ်တွေကို စွန့်လွှတ် ဖြုန်းတီးပစ်ကြ၏။

ကျွန်တော် သွားရောက်တွေ့ဆုံစဉ်က မော်ရီပြောသည့်စကားကို သတိရမိသည်။ *"တို့များ လက်ခံကျင့်သုံးနေတဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေက လူတွေ သူတို့ကိုယ်သူတို့ ကျေနပ်နှစ်သိမ့်တတ်အောင် သင်ကြားပေးမထားဘူးကွ။ တကယ်လို့ ယဉ်ကျေးမှုက အလုပ်မဖြစ်ဘူးဆိုရင် ကြိတ်မှိတ်ပြီး လက်ခံမနေနဲ့။ အလုပ်မဖြစ်ဘူးဆိုတာ ထုတ်ပြောဝံ့လောက်အောင် စိတ်ဓာတ်ကြံ့ခိုင်ရမယ်"*

သူပြောသည့် စကားလုံးများအတိုင်း မော်ရီသည် နာမကျန်းမဖြစ်မီ ကာလကြာမြင့်စွာကတည်းကပင် သူ၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို

mgyoe.com

mgyoe.com



ထူထောင်ခဲ့၏။ အဘိဓမ္မာ ဆွေးနွေးဖော် အုပ်စုတွေ၊ မိတ်ဆွေအပေါင်း အသင်းများနှင့် လမ်းလျှောက်ခြင်း၊ ဟားဗတ်ပန်းခြံ ဘုရားကျောင်းထဲတွင် ဂီတသံနှင့်အတူ ကခုန်ခြင်း။ သူက 'ဂရင်းဟောက်စ်' ဆိုသည့် စီမံကိန်းကိုလည်း စတင် အကောင်အထည် ဖော်ခဲ့သည်။ ဂရင်းဟောက်စ်တွင် ဆင်းရဲနွမ်းပါးသူများအနေဖြင့် စိတ်ကျန်းမာရေး သင်ကြားပို့ချချက်များကို နာယူနိုင်သည်။ မော်ရီက သူ့သင်တန်းများအတွက် အတွေးသစ်၊ အမြင်သစ်များ ရရှိရန် စာအုပ်စာတမ်းတွေ ဖတ်သည်။ လုပ်ဖော်ကိုင်ဖက်များထံ သွားရောက် လည်ပတ်သည်။ ကျောင်းသားဟောင်းများနှင့် မပြတ် ဆက်သွယ်သည်။ ရပ်ဝေးမှ မိတ်ဆွေများထံ စာတွေရေးသည်။ သူက စားဖို့သောက်ဖို့နှင့် သဘာဝတရားကို ရှုမြင်သုံးသပ်ဖို့ အချိန်ပိုပေးသည်။ ရုပ်မြင်သံကြားစက်ရှေ့မှာ ထိုင်ကာ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲတွေ၊ သည်တစ်ပတ် ရုပ်ရှင်ဇာတ်လမ်းတွေ ကြည့်ပြီး အချိန်ဖြုန်းမနေ။ သူ ဖန်တီးဖွဲ့တည်ထားသည်မှာ လူသားဆောင်ရွက်မှုများ ပိုးအိမ်ကလေးတစ်ခု၊ စကားစမြည်ပြောခြင်း၊ အပြန်အလှန် ကူညီခြင်း၊ ချစ်ခင်တွယ်တာခြင်း..... သည်အရာတွေက သူ့ဘဝမှာ ပြည့်လျှံဖြိုးမောက်နေသည်။ စွပ်ပြုတ်အိုးကြီး တစ်အိုးတွင် စွပ်ပြုတ်ရည်တွေ ပြည့်ဖြိုးလျှံကျနေသည့်နှယ်။

တကယ်တော့ ကျွန်တော်လည်း ကိုယ့်ကိုယ်ပိုင် ယဉ်ကျေးမှုကို ထူထောင်ခဲ့ပါသည်။ ၎င်းယဉ်ကျေးမှုကတော့ အလုပ်လုပ်ခြင်းပါပဲ။ အင်္ဂလန်မှာ လူထုဆက်သွယ်ရေး အလုပ်လေးခု၊ ငါးခုလောက် လုပ်ပါသည်။ ဆပ်ကပ်လူရွှင်တော်တစ်ယောက် လက်ထဲမှ ပုလင်းများကို တစ်ခုမြှောက်လိုက်၊ တစ်ခုဖမ်းလိုက် လုပ်သလိုဖြစ်၏။ တစ်နေ့လျှင် ရှစ်နာရီလောက် ကွန်ပျူတာတွေနှင့် နပန်းလုံးသည်။ ကျွန်တော့်သတင်းဇာတ်လမ်းတွေကို အမေရိကသို့ လှမ်းပို့ပေးသည်။ ထို့နောက် ရုပ်မြင်သံကြား ဇာတ်လမ်းတိုတွေ ရိုက်သည်။ ထိုသို့ ရိုက်ဖို့ လန်ဒန်မြို့၏

mgyoe.com

mgyoe.com


ရပ်ကွက်အသီးသီးသို့ ရိုက်ကူးရေးအဖွဲ့သားများနှင့် အတူ လှည့်လည်သွားလာရသည်။ နံနက်တိုင်းနှင့် မွန်းလွဲပိုင်းတိုင်း ရေဒီယိုသတင်းများကို တယ်လီဖုန်းဆက်ပြီး ပေးပို့ရသည်။ ဤအလုပ်တာဝန်များမှာ ကျွန်တော့်အတွက် ထူးထူးကဲကဲ စွမ်းစွမ်းတမံ ထမ်းဆောင်ရသော အလုပ်တာဝန်များ မဟုတ်တော့။ လွန်ခဲ့သည့်နှစ်များအတွင်း ကျွန်တော်သည် ပင်ပန်းကြီးစွာ အလုပ်လုပ်ခြင်းကို ကျွန်တော့်အဖော်အဖြစ် သတ်မှတ်ခဲ့၏။ အလုပ်က လွဲလျှင် တခြားအရာအားလုံးကို ဘေးဖယ်ထားခဲ့ပါသည်။

ဝင်ဘယ်လ်ဒန် အားကစားကွင်းကြီးထဲတွင် ကျွန်တော်က ကျွန်တော်၏ သစ်သားရုံးခန်းကလေးထဲမှာပဲ စားစရာရှိတာ စားသည်။ သောက်စရာရှိတာ သောက်သည်။ ကျွန်တော် ထိုသို့ ပြုလုပ်နေသည့် အကြောင်းကို သိုးကာသီကာမျှ စဉ်းစားတွေးတောခြင်း မပြု။ ရုတ်ရုတ်သဲသဲဖြစ်သည့် နေ့တစ်နေ့တွင် အင်ဒရေအဂတ်ဆီနှင့် ထင်ရှားကျော်ကြားသော သူ့ကောင်မကလေး ဘရွတ်ရှီးလ် နောက်သို့ သတင်းထောက်တစ်စု အတင်း တိုးဝှေ့လိုက်ကြ၏။ ကျွန်တော့်ကို ဗြိတိသျှခာတ်ပုံသတင်းထောက်တစ်ဦးက ဝင်တိုက်သည်။ သူက "မတော်လို့နော်" ဆိုသည့် စကားကိုပင် အနိုင်နိုင်ပြောသည်။ ပြီးတော့ လည်ပင်းမှာ သိုင်းထားသော ကင်မရာကြီး တကားကားနှင့် ကျွန်တော့်ကို တွန်းတိုက်ပြေးလွှားသွားသည်။ ကျွန်တော်ကတော့ မော်ရီပြောခဲ့သည့် စကားတချို့ကို တွေးတော သတိရနေမိ၏။

*"လူအတော်များများဟာ အဓိပ္ပာယ်မဲ့တဲ့ ဘဝထဲမှာ လှည့်ပတ်ကျင်လည်နေကြတယ်။ သူတို့ဟာ သူတို့စိတ်ထဲမှာ အရေးကြီးတယ်လို့ ထင်တဲ့ ကိစ္စတွေကို လုပ်ကိုင်ပြီး အလုပ်ရှုပ်နေကြတဲ့တိုင်အောင် သူတို့ကြည့်ရတာ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်နေသလိုပဲ။ ဒီလိုဖြစ်ရတာဟာ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ မှားယွင်းတဲ့အရာတွေနောက်ကို*

mgyoe.com

mgyoe.com


*ကောက်ကောက်ပါအောင် လိုက်နေကြလို့ပဲ။ မင့်ဘ၀ကို အဓိပ္ပာယ်ရှိလာစေမယ့် နည်းလမ်းကတော့ တခြားသူတွေကို မေတ္တာစေတနာထားခြင်းထဲမှာ မင်းကိုယ် မင်း မြှုပ်နှံထားပါ။ မင့်ပတ်ဝန်းကျင်မှာရှိတဲ့ လူ့အသိုင်းအဝန်းကို အလုပ်အကျွေးပြုခြင်းထဲမှာ မင်းကိုယ်မင်း မြှုပ်နှံထားပါ။ ပြီးတော့ မင်းအတွက် ဦးတည်ချက်ရှိစေမယ့်၊ အဓိပ္ပာယ်ရှိစေမယ့် အလုပ်တစ်ခုကို တီထွင်လုပ်ကိုင်ခြင်းထဲမှာ မင်းကိုယ်မင်း မြှုပ်နှံထားပါ"*

သူပြောတာ မှန်ကန်ကြောင်း ကျွန်တော် သိနေပါသည်။

ထိုသို့ ဆိုသည့်အတွက် သူပြောသည့် အလုပ်တွေထဲမှ တစ်ခုခုကို ကျွန်တော် လုပ်နေသည်မဟုတ်။

ပြိုင်ပွဲပြီးဆုံးသွားတော့ ကျွန်တော့်ကွန်ပျူတာကို ပိတ်လိုက်သည်။ ပြိုင်ပွဲကာလတစ်လျှောက်လုံး ကျွန်တော်သောက်ခဲ့သည့် မရေမတွက်နိုင်သော ကော်ဖီခွက်များကို ရှင်းလင်းသန့်စင်ပစ်သည်။ ပြီးတော့ ကျွန်တော့်အခန်းသို့ ပြန်ပြီး အထုပ်အပိုးပြင်သည်။ အချိန်လင့်နေပြီ။ ရုပ်မြင်သံကြားသတင်းတွေက ဘာမျှ မဟုတ်သည်ကို ရေးကြီးခွင်ကျယ်လုပ်နေသည့် သတင်းတွေ။

ဒက်ထရွိုက်သို့ လေယာဉ်ဖြင့် ပြန်ခဲ့သည်။ ညနေစောင်းမှ အချိန်နောက်ကျပြီး ရောက်သည်။ ကိုယ့်အိမ်ကိုယ် ရောက်အောင် မနည်းကြီး တွားသွားရသည်။ ပြီးတော့ အိပ်ပစ်လိုက်သည်။ အိပ်ရာမှ နိုးလာသည်နှင့် ကြားလိုက်ရသည်မှာ လှုပ်လှုပ်ခတ်ခတ် သတင်းတစ်ပုဒ်။ ကျွန်တော် အလုပ်လုပ်နေသည့် သတင်းစာတိုက်မှ အလုပ်သမားတွေ သပိတ်မှောက်နေကြပြီ။ သတင်းစာတိုက်ကို ပိတ်ထားရသည်။ သတင်းစာတိုက်ရှေ့ ဝင်ပေါက်တွင် ကြွေးကြော်သံ ပိုစတာတွေကိုင်ပြီး သပိတ်တားနေသူတွေ ရှိသည်။ ကြွေးကြော်သံတွေ အော်ဟစ်ပြီး တိုက်ရှေ့ လမ်းမကြီးတစ်လျှောက် အသွားအပြန် ချီတက်ဆန္ဒပြသူတွေ ရှိသည်။ ကျွန်တော်က အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်တစ်ဦး။ သည်တော့

mgyoe.com

mgyoe.com


ကျွန်တော့်မှာ ရွေးစရာလမ်းမရှိ။ ကျွန်တော်သည် ချက်ချင်းကြီးဆို သလို..... ပြီးတော့ ကျွန်တော့်ဘဝတွင် ပထမဦးဆုံးအဖြစ် အလုပ်လက်မဲ့ ဖြစ်သွားပြီ။ ဝင်ငွေမရှိ ဖြစ်သွားပြီ။ နောက်ပြီး ကိုယ့်အလုပ်ရှင်တွေကို ဆန့်ကျင်တိုက်ခိုက်နေရပြီ။ သမဂ္ဂခေါင်းဆောင်တွေက ကျွန်တော့်အိမ်ကို ဖုန်းဆက်သည်။ ကျွန်တော့်အယ်ဒီတာ ဖြစ်ခဲ့သူများနှင့် အဆက်အဆံ မလုပ်ဖို့ သတိပေးကြသည်။ တကယ်တော့ အယ်ဒီတာဆိုသူ အများစုမှာ ကျွန်တော့်မိတ်ဆွေတွေ ဖြစ်၏။ သူတို့က ဖုန်းဆက်ပြီး သူတို့၏ အခက် အခဲတွေကို တင်ပြတောင်းပန်လျှင် တယ်လီဖုန်းကို ချပစ်လိုက်ဖို့ သမဂ္ဂခေါင်းဆောင်များက ကျွန်တော့်အား ညွှန်ကြားသည်။

"ကျုပ်တို့ အောင်ပွဲရတဲ့အထိ တိုက်ပွဲဝင်မယ်"

သမဂ္ဂခေါင်းဆောင်များက အဓိဋ္ဌာန်ပြုသည်။ စစ်သားတွေ အဓိဋ္ဌာန်ပြုချက် ရွတ်ဆိုသည့် လေသံမျိုး။

ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ စိတ်ဓာတ်လည်း ကျသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုအလုပ်ကလေးတွေက လုပ်လို့ ကိုင်လို့ကောင်းသည့် ကြားပေါက် အလုပ်လေးတွေပါ။ သို့ပေမဲ့ သတင်းစာကတော့ ကျွန်တော့်အသက်သွေးကြော၊ ကျွန်တော့်အတွက် အောက်ဆီဂျင် ဖြစ်၏။ တစ်မိုးသောက်၍ တစ်နံနက်ရောက်တိုင်း မိမိ၏ သတင်းဆောင်းပါးများကို ပုံနှိပ်စာလုံးများဖြင့် မြင်တွေ့ရသောအခါ ဘာပဲ ဖြစ်ဖြစ် ငါ ရှင်သန်နေပါသေးကလားဟု သိမြင်ခံစားရပါသည်။

ကဲ..... ခုတော့ သည်ခံစားချက်အတိုင်း မခံစားရတော့။ သပိတ် တိုက်ပွဲက ရက်ရှည်လာသည်။ ပထမနေ့၊ ဒုတိယနေ့၊ တတိယနေ့..... သပိတ်တိုက်ပွဲသည် လနှင့် ချီပြီး ကြာသွားနိုင်ကြောင်း ကောလာဟလ သတင်းတွေ ထွက်လာသည်။ သည်အကြောင်းကို စိုးရိမ်ကြောင့်ကြစွာ ဖုန်းဆက်ပြောသူတွေ ရှိလာသည်။ ကျွန်တော်သိထားသည့် အရာတွေ အားလုံး ဖောက်ထိုးမိုးမျှော် ဖြစ်ကုန်ပြီ။ ကျွန်တော် တစ်ညတစ်ကြိမ်

mgyoe.com

mgyoe.com


သွားရောက် သတင်းယူရေးသားရမည့် အားကစားပွဲတွေ ရှိနေသည်။ ထို့အစား ကျွန်တော် အိမ်ထဲမှာပဲ ကုပ်နေရသည်။ ၎င်းပွဲတွေကို ရုပ်မြင်သံကြားစက်ပေါ်မှာပဲ ကြည့်နေရသည်။ ကျွန်တော် ရေးနေကျ သတင်းဆောင်းပါးများသည် စာဖတ်ပရိသတ်အတွက် တစ်နည်းတစ်ဖုံ လိုအပ်သော ဆောင်းပါးများဖြစ်သည်ဟု ကျွန်တော် အတွေးရောက်နေခဲ့တာကြာပြီ။ ယခု ကျွန်တော် မရေးတော့လည်း ကိစ္စဝိစ္စတွေက သူ့ဘာသာသူ ရှောရှောရှူရှူ လည်ပတ်နေသည်သာ။ ဒါကို တွေ့ရတော့ ကျွန်တော် အအံ့သြကြီး အံ့သြနေမိသည်။

ထိုသို့ ဖြစ်နေပြီး သီတင်းတစ်ပတ်အကြာတွင် ကျွန်တော် တယ်လီဖုန်းကို ကောက်ကိုင်သည်။ မော်ရီ့အိမ်သို့ ဆက်သည်။ ကော်နီက မော်ရီအား ဖုန်းရှိရာသို့ ခေါ်လာသည်။

"မင်း ငါ့ဆီ လာလည်မလို့လားဟေ့"

သူပြောပုံက မေးမြန်းခြင်းမဟုတ်။ ကံသေကံမ ပြောလိုက်ပုံမျိုး။

"ဟုတ်ကဲ့၊ ကျွန်တော်လာလို့ ရမလား"

"အင်္ဂါနေ့ဆို အဆင်ပြေမလား"

"အင်္ဂါနေ့လား၊ ကောင်းပါတယ်" ဟု ကျွန်တော် ပြောသည်။ အင်္ဂါနေ့ဆို အဆင်ပြေပါတယ်။

*

တက္ကသိုလ် ဒုတိယနှစ်ရောက်တော့ သူသင်တဲ့ ဘာသာရပ်နှစ်ခုကို ကျွန်တော် ထပ်တိုးယူလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် စာသင်ခန်းရဲ့ အပြင်ဘက်မှာကိုပဲ တတွဲတွဲ လုပ်နေကြပြီလေ။ ကျွန်တော်တို့ မကြာမကြာ တွေ့ကြ ဆုံကြတယ်။ စကားပြောဖို့ သက်သက်ပါပဲ။ ကျွန်တော်ဟာ ကိုယ့်ဆွေမျိုးမဟုတ်တဲ့ လူကြီးတစ်ယောက်နဲ့ ဘယ်တုန်းကမှ အဲဒီလိုစကားတွေ ဖောင်ဖွဲ့ မပြောဖူးပါဘူး။ ဒါပေမဲ့ မော်ရီနဲ့

mgyoe.com

mgyoe.com



စကားပြောရတာကျတော့ စိတ်လွတ်လက်လွတ် ရှိတယ်ဗျ။ သူကလည်း ဒီလိုပြောဆိုရတာ စိတ်လက်ပေါ့ပေါ့ပါးပါး ရှိနေပုံပါပဲ။

"ဒီနေ့ ငါတို့ ဘယ်သွားကြမလဲဟေ့"

သူ့ရုံးခန်းထဲ ကျွန်တော် ဝင်သွားတယ်ဆိုရင်ပဲ သူက ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွနဲ့ မေးတတ်တယ်။

နွေဦးပေါက်မှာ ကျွန်တော်တို့ လူမှုဗေဒ အဆောက်အအုံရှေ့က သစ်ပင်ကြီးတစ်ပင်အောက်မှာ ထိုင်ကြတယ်။ ဆောင်းရာသီကျတော့ သူ့ရဲ့ စာရေးစားပွဲကြီးနံဘေးမှာ ထိုင်ကြတယ်။ ကျွန်တော်က မီးခိုးရောင် ဆွယ်တာကြီးတွေနဲ့ အက်ဒီဒပ်ပတ္တူဖိနပ်ကို စီးလို့။ မော်ရီက ရော့ပိုရှူးဖိနပ်စီးပြီး ဇင်သားဘောင်းဘီကို ဝတ်လို့ပေါ့။ ကျွန်တော်တို့ စကားပြောဖြစ်တိုင်း ကျွန်တော် တောင်စဉ်ရေမရ လျှောက်ပြောတာတွေကို သူက နားထောင်တယ်။ ပြီးတော့ ဘဝသင်ခန်းစာတစ်ခုခုကို ပြောဖြစ်အောင် ကြိုးစားလေ့ရှိတယ်။ တက္ကသိုလ်မှာ တာစားနေတဲ့ အယူအဆနဲ့ ပြောင်းပြန်ဖြစ်တဲ့ ငွေကြေးဟာ လောကမှာ အရေးကြီးဆုံးပစ္စည်းမဟုတ်ဘူးဆိုတာ သူက ကျွန်တော့်ကို သတိပေးတယ်။ ကျွန်တော့်အနေနဲ့ 'လူသား ပြည့်ပြည့်ဝဝဖြစ်ဖို့' လိုအပ်တယ်လို့ သူက ပြောတယ်။ နောက်ပြီး သူက လူငယ်ဘဝ ကုန်ဆုံးသွားခြင်းအကြောင်းနဲ့ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ လူ့အဖွဲ့အစည်းနဲ့ 'ထိတွေ့ဆက်စပ်မှုရှိနေဖို့' လိုအပ်ကြောင်းကိုလည်း ပြောပြတယ်။ သူ ပြောတာတွေထဲက တချို့ကို နားလည်တယ်။ တချို့ကိုတော့ နားမလည်ဘူး။ နားလည်လည် မလည်လည် ဘာမှ ပိုပြီး ထူးခြားမသွားပါဘူး။ ဒီလို ဆွေးနွေးမှုတွေ ပြုလုပ်ရတာ ကျွန်တော် သူနဲ့ စကားပြောဖို့ အခွင့်အလမ်း ရတာပေါ့ဗျာ။ ကျွန်တော့် ဖအေအရင်းဆီက မရနိုင်တဲ့ ဖအေတစ်ယောက်နဲ့ ဆွေးနွေးတိုင်ပင်မှုမျိုးတွေကို သူနဲ့ကျမှ ရတာကိုး။ ကျွန်တော့်အဖေက ကျွန်တော့်ကို ဥပဒေ ပညာရှင်တစ်ယောက် ဖြစ်စေချင်တယ်လေ။

mgyoe.com

mgyoe.com


မော်ရီက ရှေ့နေတွေကို မုန်းတယ်ခင်ဗျ။

"မင်း ကောလိပ်က ထွက်ရင် ဘာအလုပ် လုပ်ချင်လဲ"

ကျွန်တော် ဂီတသမားတစ်ဦး ဖြစ်ချင်တယ်လို့ ကျွန်တော်က ပြောတယ်။ စန္ဒရားဆရာတစ်ဦးပေါ့။

"သိပ်ကောင်းတာပေါ့ကွာ။ ဒါပေမဲ့ အဲဒီဘဝက ကြမ်းတမ်းမယ်ကွ"

"ဟုတ်ကဲ့"

"ဖြတ်စားလျှပ်စားသမားတွေ အရမ်းများသတဲ့နော"

ကျွန်တော်လည်း အဲဒီအတိုင်း ကြားပါတယ်။

"ဘာပဲဖြစ်ဖြစ်လေ၊ မင်း အဲဒီဘဝကို တကယ်ရချင်တယ်ဆိုရင် မင်းရဲ့ အိပ်မက်ဟာ တကယ်ဖြစ်လာမှာပါ"

ကျွန်တော် သူ့ကို ပွေ့ဖက်ပစ်လိုက်ချင်တယ်။ ဒီလို ပြောဖော်ရတဲ့အတွက် ကျေးဇူးတင်စကားတွေ ပြောလိုက်ချင်တယ်။ ဒါပေမဲ့ ကျွန်တော်က အဲဒီလောက်ထိ ပွင့်လင်းသူ မဟုတ်ဘူးလေ။ ဒီတော့ ခေါင်းညိတ်ရုံပဲ ညိတ်ပြမိတယ်။

"မင်း စန္ဒရားတီးတဲ့အခါ အားမာန်အပြည့်နဲ့ တီးမယ်ဆိုတာ ငါ သိနေတယ်ကွ"

ကျွန်တော် ရယ်လိုက်တယ်။ အားမာန်အပြည့် ဟုတ်လား။

သူက ပြန်ပြီး ရယ်တယ်။

"အားမာန်လေကွာ။ ဘာဖြစ်လို့လဲ။ ဒီစကားကို ဒီခေတ်လူတွေ မသုံးနှုန်းကြတော့ဘူးလား"

❐

mgyoe.com

mgyoe.com

# အဦးဆုံး အင်္ဂါနေ့
# ကမ္ဘာကြီးအကြောင်း ဆွေးနွေးခြင်း

ကော်နီက တံခါးဖွင့်ပေးပြီး ကျွန်တော့်ကို ဝင်ခွင့်ပြုသည်။ မော်ရီက သူ၏ ဘီးတပ်ကုလားထိုင်ဖြင့် စားဖိုဆောင် စားပွဲအနီးတွင် ထိုင်နေသည်။ ချည် ရှပ်အင်္ကျီပွပွတစ်ထည်နှင့် ပိုပြီးပွသည့် ဘောင်းဘီပါးပါးအနက်ရောင်ကို ဝတ်ဆင်ထားသည်။ ဘောင်းဘီက ပွလွန်းနေခြင်းမှာ ပုံမှန်အရွယ်အစား ဘောင်းဘီနှင့် မတော်လောက်အောင် သူ့ခြေထောက်တွေ သိမ်ငယ်သွားသောကြောင့် ဖြစ်၏။ သူ့ပေါင်လုံးကို လက်နှစ်ဖက်ဖြင့် ထွာဆိုင်ကြည့်လျှင် လက်ချောင်းထိပ်ကလေးချင်း လွယ်လွယ်ကူကူ ထိနိုင်၏။ သူ မတ်တတ်ရပ်နိုင်လျှင်ပင် သူ့အရပ်သည် ငါးပေထက် ပိုမြင့်မည် မဟုတ်။ သည်တော့ ခြောက်တန်းကျောင်းသား ဝတ်သည့် ဘောင်းဘီဆိုလျှင် သူနှင့် အတော်ပဲ ဖြစ်နေမည်။

"ဆရာ့ဖို့ ကျွန်တော် စားစရာတချို့ ဝယ်လာတယ်"

ပြောပြီး လက်ထဲက စာအိတ်အညိုကြီးကို မြှောက်ပြလိုက်သည်။ လေဆိပ်မှအလာ လမ်းခရီးတွင် ကုန်ပဒေသာဆိုင်ကြီးတစ်ဆိုင်မှ စားစရာ သောက်စရာတွေ ဝင်ဝယ်ခဲ့သည်။ သူ့အိမ်မှာ အစားအသောက်

mgyoe.com

mgyoe.com


တွေ အလျှံအပယ်ရှိနေကြောင်း ကျွန်တော် သိသည်။ သို့ပေမဲ့ ကျွန်တော်က တစ်စုံတစ်ခုဖြင့် ကူညီပံ့ပိုးချင်သည်။ သည်လိုမှ မလုပ်လျှင် ကျွန်တော် မော်ရီကို ကူညီနိုင်မည်မဟုတ်။ အခြား ဘာမျှမတတ်နိုင်။ နောက်ပြီး သူ အစားအသောက် ခုံမင်သည်ကို ကျွန်တော် မှတ်မိနေသည်လေ။

"အား၊ စားသောက်စရာတွေ များလှချည့်လားကွ။ အေးလေ၊ ဒီတော့ မင်းလည်း ငါနဲ့ အတူစားပေါ့ကွာ"

ကြိမ်ကုလားထိုင်တွေ ချထားသည့် စားဖိုဆောင်စားပွဲမှာ ကျွန်တော်တို့ ထိုင်ကြသည်။ သည်တစ်ကြိမ်တော့ ၁၆ နှစ်စာ သတင်းတွေ ပြန်ပြီး ဖောက်သည်ချနေဖို့ မလိုတော့။ ကျွန်တော်တို့ ကောလိပ်တုန်းက ပြောကြဆိုကြသည့် ပုံစံအတိုင်း စကားရေလျဉ်ကြောမှာ မျောပါသွားကြသည်။ မော်ရီက မေးခွန်းတွေ မေးသည်။ ကျွန်တော့် ဖြေကြားချက်တွေကို နားထောင်သည်။ စားဖိုမှူးတစ်ယောက်က စားကောင်းသောက်ဖွယ်များ ပိုပြီး အရသာရှိသွားအောင် အချို၊ အချဉ်၊ အငန်၊ အစပ်ကလေးတွေ တို့တို့တိတိ ဖြည့်စွက်ပေးသလို ကျွန်တော် မေ့လျော့နေတာကလေးတွေ သို့မဟုတ် အမှုမဲ့ အမှတ်မဲ့ ဖြစ်နေတာကလေးတွေကို သူက ဖြည့်စွက်ပေးသည်။ သူက သတင်းစာတိုက် သပိတ်အကြောင်း မေးသည်။ ပြီးတော့ နှစ်ဖက်စလုံးမှ ပုဂ္ဂိုလ်များက တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြီး ဖြစ်ပေါ်နေသည့် ပြဿနာတွေကို ဘာကြောင့် မဖြေရှင်းကြသလဲဆိုတာကို သူ နားမလည်နိုင်ကြောင်း ပြောသည်။ သည်တော့ လူတိုင်းသည် သူ့လို မတော်ကြောင်း ကျွန်တော်က သူ့အား ပြောပြသည်။

အခါအားလျော်စွာပင် သူ့မှာ စကားပြောရပ်ပြီး အိမ်သာသို့ သွားရသည်။ သူ့အဖို့ သည်အလုပ်က တော်တော် အချိန်ယူရသည့်

mgyoe.com

mgyoe.com



အလုပ်ဖြစ်၏။ ကော်နီက ဘီးတပ်ကုလားထိုင်ကို တွန်းပြီး သူ့ကို အိမ်သာဆီသို့ ပို့ရသည်။ ထို့နောက် ကုလားထိုင်ပေါ်မှ မပြီး ချပေးရသည်။ ပြီးတော့ သူ့ဆီးအိုးထဲသို့ ဆီးသွားနေခိုက် ဆီးခွက်ကို ကိုင်ပေးရသည်။ အိမ်သာမှ တစ်ကြိမ်ပြန်လာတိုင်း သူ့ကြည့်ရတာ ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

"သိပ်မကြာခင်အတွင်း ငါ့ကို တစ်ယောက်ယောက်က အီးကုန်းပေးရလိမ့်မယ်လို့ တက်ကော့ပယ်လ်ကို ငါ ပြောလိုက်တာ မှတ်မိသေးလား"

ကျွန်တော် ရယ်မောမိ၏။ အဲသည့် အခိုက်အတန့်ကလေးမျိုးကို ဘယ်မေ့နိုင်ပါ့မလဲ ဆရာရယ်။

"အင်း၊ အဲဒီနေ့ကတော့ နီးကပ်လာနေပြီ။ အဲဒီကိစ္စတစ်ခုကတော့ ငါ့ကို စိတ်အနှောင့်အယှက် ပေးနေတယ်ကွ"

ဘာဖြစ်လို့ပါလိမ့်။

"ဘာဖြစ်လို့လဲဆိုတော့ အဲဒါဟာ သူတစ်ပါးအပေါ် အလုံးစုံမှီခိုရတဲ့ အမှတ်လက္ခဏာပေါ့။ တစ်စုံတစ်ယောက်က ကိုယ့်ကို အီးအီးကုန်းပေးရတယ် ဆိုတာလေ။ ဒါပေမဲ့ ငါ ဒီကိစ္စကို ဖြေဖျောက်ပါတယ်။ ငါ့ကို ဒီလိုလုပ်ပေးတာကို နှစ်နှစ်သက်သက် ခံယူနိုင်အောင် ကြိုးစားနေတယ်ကွ"

နှစ်နှစ်သက်သက် ခံယူနိုင်အောင် ဟုတ်လား။

"ဟုတ်တယ်ကွ၊ နောက်ဆုံးတော့ ကလေးဘဝကို တစ်ကျော့ပြန်ရောက်တာပဲပေါ့ကွာ"

သည်ကိစ္စနှင့် ပတ်သက်ပြီး ဆရာ့ရဲ့ မြင်ပုံ ရှုပုံကတော့ ရှာမှရှားပါပဲ။

"အေးလေကွာ။ ခုချိန်မှာ ငါ့အနေနဲ့ ဘဝကို ရှာမှရှားတဲ့ အမြင်နဲ့ ကြည့်ရတော့မယ်။ လာမယ့်ဘေး ပြေးတွေ့ရုံပဲပေါ့။ ငါ ဈေးထွက်မဝယ်

mgyoe.com